စိတ်ကူးချိုချိုအနုပညာ
mgyoe.com

# ရွှေစကြာ

## ဝန်ကြီး၏လူယုံ

မဂ္ဂဇင်းလဆက်ဝတ္ထုရှည်စ+ဆုံး



mgyoe.com

ဆရာကြီး 'ရွှေစကြာ'သည် ထင်ရှားသော မြန်မာဝတ္ထုရေး
ဆရာကြီးများ စာရင်းဝင်ဖြစ်၍ အထူးသဖြင့်
ရာဇဝင်ဝတ္ထုကြီးများ ရေးသားခဲ့ရာတွင်
ထင်ရှားကျော်ကြားခဲ့သူ ဖြစ်သည်။
သူ၏ ရာဇဝင်ဝတ္ထုများမှာ
အကြိမ်ကြိမ်ရိုက်နှိပ်ထုတ်ဝေခဲ့ရသည့်
လူကြိုက်များခဲ့သော ဝတ္ထုရေးဆရာကြီးဖြစ်ပါသည်။
ယခုဝတ္ထုမှာ ရှုမဝမဂ္ဂဇင်းတွင်
အခန်းဆက်ရေးသားပြီး အထူးတလည်
ဖော်ပြတင်ဆက်ခဲ့သော ဝတ္ထုကြီးလည်း
ဖြစ်ပါသည်။

ISBN 9789997119674
ANB132
9 789997 119674
1,800.00KS

mgyoe.com

ဝန်ကြီး၏ လှယုံ၊ ရွှေစကြာ
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၇၅ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀

ရောင်းဈေး ၁၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မိတ်ဆက်နိဒါန်း

ဦးစွာအားဖြင့် စာရေးဆရာကြီး 'ရွှေစကြာ'နှင့် ရှုမဝ၏ အချို့ စာဖတ်ပရိသတ်ပိုင်းတို့ကို ပြန်လည် မိတ်ဆက်ပေးရန် အနည်းငယ်မျှ လိုအပ်မည်ဟု ကျွန်ုပ်တို့ စာတည်းအဖွဲ့မှ ထင်မြင်ယူဆမိလေသည်။

'ရွှေစကြာ'နှင့် အထူးသဖြင့် ယနေ့ခေတ် လူငယ် စာဖတ်ပရိသတ် အများစုသည် ကောင်းစွာရင်းနှီးခြင်း ရှိချင်မှ ရှိပေလိမ့်မည်။ အချို့ ရင်းနှီးခဲ့ပြီးသူများလည်း ရှိပါလိမ့်မည်။ မည်သို့ပင်ဖြစ်စေ ပြန်လည် မိတ်ဆက်ရန်ကား စာတည်းအဖွဲ့ အနေနှင့် တာဝန်တစ်ရပ် ရှိသည်ဟု ယူဆမိပေ၏။

ဆရာကြီး 'ရွှေစကြာ'သည် ထင်ရှားသော မြန်မာဝတ္ထု ရေး ဆရာကြီးများ စာရင်းဝင်ဖြစ်၍ အထူးသဖြင့် ရာဇဝင် ဝတ္ထုကြီးများ ရေးသားခဲ့ရာတွင် ထင်ရှားကျော်ကြားခဲ့သူ ဖြစ်သည်။ သူ၏ 'ပူတကေနှင့် နားခံတော်' ဝတ္ထုကြီးမှာ သူရိယရုပ်စုံ သတင်းစာကြီးတွင် စတင် ပါဝင်ခဲ့သော ၁၂၉၄ ခုနှစ်မှသည် ၁၃၃၀ ခုနှစ်တိုင် ပဥ္စအကြိမ်အထိ အကြိမ်ကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့ပြီး လူကြိုက် လွန်စွာများပြား၍ တစ်ချိန်က

mgyoe.com

mgyoe.com



ရန်ကုန်တက္ကသိုလ် ဥပစာတန်းတွင် လည်းကောင်း၊ တန်းမြင့်ကျောင်း နဝမတန်းများတွင် လည်းကောင်း၊ ကျောင်းသုံးဖတ်စာအဖြစ်ပင် ပြဋ္ဌာန်းခြင်းခံခဲ့ရဖူးသော ဝတ္ထုကြီး ဖြစ်သည်။

ဆရာကြီးသည် စစ်ပြီးခေတ်ကာလများ တစ်လျှောက်တွင်လည်း ရာဇဝင် ဝတ္ထုတို၊ ရှည်များစွာတို့ကို ဆက်လက်ရေးသားခဲ့၍ ရှုမဝရုပ်စုံ မဂ္ဂဇင်းတွင် လူကြိုက်များသော ရာဇဝင်ဝတ္ထုပေါင်းများစွာတို့ကို ပါဝင်ရေးသားခဲ့သူ၊ ရှုမဝတိုက်မှ ထုတ်ဝေခဲ့ဖူးသော ဗိုလ်တေဇ၊ မြဝတီဝန်ကြီး ဦးစ၊ ဓာတုကလျာ အစရှိသော လုံးချင်းဝတ္ထုကြီးများ ရေးသားခဲ့သူ၊ ရှုမဝ ဝိုင်းတော်သားဟောင်း စာရေးဆရာကြီး ဖြစ်လေသည်။

နှစ်အတန်ကြာ ဝတ္ထုသစ်များ မရေးသားတော့ဘဲ ယနေ့ခေတ် မြန်မာစာပေလောကနှင့် အဆက်အသွယ် ပြတ်တောက်နေခဲ့ပြီး ယခုတစ်ဖန် ဤ **'ဝန်ကြီး၏ လူယုံ'** ရာဇဝင်ဝတ္ထုရှည်ကြီးဖြင့် စာဖတ်ပရိသတ်နှင့် ပြန်လည်မိတ်ဆက်ရန် ရှုမဝသို့ ရေးသားပေးပို့ခဲ့လေသည်။

ရှုမဝ စာတည်းအဖွဲ့မှ ဝိုင်းတော်သားဟောင်း ဆရာကြီး 'ရွှေစကြာ'၏ စာမူတစ်ထပ်ကြီးကို ဝမ်းမြောက်စွာ ကြိုဆိုလက်ခံခဲ့ပါသည်။

မြန်မာရာဇဝင်ကို အခြေပြုသည့် အမျိုးသားဇာတိမာန် ရာဇဝင် ဝတ္ထုရှည် မြောက်မြားစွာတို့ကို ရေးသားခဲ့သူ ဆရာကြီး 'ရွှေစကြာ'၏ ပူပူနွေးနွေး လက်ရာသစ်ကို ကျွန်ုပ်တို့သည် မြည်းစမ်းကြပါဦးစို့…။

❐

mgyoe.com

mgyoe.com

# (၁)

ဤအချိန်သည်ကား မြန်မာနိုင်ငံတော် ရတနာပူရ အဝရွှေမြို့တော်၌ နိုင်ငံကျော်ဆရာတော် ဦးဗုဓ်၊ နာမည်ကျော် မိဖုရားကြီး နန်းမတော် မယ်နု၊ ကုန်းဘောင်မင်းခေါ် သာယာဝတီမင်းသားကြီး၊ စကြာမင်းခေါ် ညောင်ရမ်းမင်းသား၊ စလင်းမင်းသားကြီးခေါ် မောင်အို၊ ဗိုလ်ချုပ်ကြီး မဟာဗန္ဓုလ၊ မြဝတီဝန်ကြီး ဦးစ၊ ဒုတိယ နဝဒေး (ပုဂံဦးတင် အလိုအားဖြင့် စတုတ္ထ နဝဒေး)ခေါ် ဦးနု၊ အမေရိကန်သာသနာပြုဆရာ ဒေါက်တာ ဂျပ်ဆင်၊ အင်္ဂလိပ်သံအမတ် မယ်ဇယ်ဘော်ရန်နီ ခေါ် မေဂျာဟင်နရီ ဘာနေတို့၏ ဖြစ်ထွန်း ပေါ်ပေါက်ရာ ဘကြီးတော်ဘုရား လက်ထက် ဖြစ်လေသတည်း။

ကုန်းဘောင် ဆင်ဖြူရှင်ခေါ် မြေဒူးမင်းနှင့် သားတော် စဉ့်ကူးမင်း တို့လက်ထက် ရာဇဌာနီ နေပြည်တော်ဖြစ်ခဲ့သော အင်းဝမြို့တော်ကြီးမှာ ဘိုးတော်ဘုရားလက်ထက်တွင် အမရပူရသို့ ပြောင်းရွှေ့ကာ နေပြည်တော် လုပ်ခဲ့သဖြင့် မြို့တော်ဟောင်းကြီး ဖြစ်နေရာမှ ယခု ရွှေနန်းရှင် ဘကြီး တော်ဘုရား လက်ထက်တွင် အင်းဝမြို့တော်ဟောင်းကို တစ်ဖန်ပြန်၍ အသစ်တည်ကာ ပြောင်းရွှေ့လာခဲ့သောကြောင့် အင်းဝမြို့တော်မှာ ရာဇ ဌာနီ နေပြည်တော်အသစ်စက်စက် ဖြစ်ခဲ့ရပြန်လေ၏။ မြို့တော်သစ်ပီသ စွာ ရွှေနန်းပြာသာဒ်အဆောင်ဆောင်တို့၏ အသစ်ဖြစ်သော ရွှေရောင်တို့

mgyoe.com

mgyoe.com



သည် တပြောင်ပြောင်တဝင်းဝင်း အရောင်ချင်း ယှက်သန်းလျက် အံ့မခန်းအောင် ကျက်သရေဆောင်လျက် ရှိခဲ့လေ၏။

အင်းဝရွှေမြို့တော် အရှေ့ပြင်မင်းတရား မြင်းကွက်ရပ်အတွင်း နုပျို စိမ်းစိုသော သစ်ပင်ဥယျာဉ်တို့၏အလယ်၌ ဆောက်လုပ်ထားအပ်သော နှစ်ဆောင်ပြိုင် အိမ်ကြီးသည်ကား ရှုချင့်စဖွယ် ထည်ဝါ ခံ့ညားသော အသွင်ကို ဆောင်လျက်ရှိပေ၏။ အိမ်ဝင်းထဲတွင် စပါးကျီ (စပါးထားသော စည့်)နှင့် အခြားအဆောက်အအုံငယ်ငယ် နှစ်ဆောင်လည်း ရှိလေ၏။ ဤဝင်းကြီးနှင့် အိမ်ကြီးသည်ကား အခြားမဟုတ်၊ "နေမျိုးဘိသက္ကနော်ရထာ"ဘွဲ့ရ သမားတော် ဆရာအောင်၏အိမ်နှင့် ဝင်းကြီး ဖြစ်လေ၏။ သမားတော်ကြီး ဆရာအောင်ကား ဘုရင်မင်းမြတ်၏ သမားတော်ကြီးဖြစ်၍ နန်းတော်ကြီးတစ်ခုလုံးနှင့် ရွှေမြို့တော် တစ်ဝန်းလုံး၏ အားထားရာ ဖြစ်ပေ၏။ သမားတော်ကြီး ဆရာအောင်ကား အာယုဗ္ဗေဒဆေးပညာနှင့် တကွ ဗိန္ဒောဆေးအတတ်တွင် တစ်ဖက်ကမ်းခပ် တတ်မြောက်ကျွမ်းကျင်၍ မြန်မာတို့၏ အင်္ဂါရတ်လုပ်ငန်းတွင်လည်း သူမတူအောင် တတ်ကျွမ်းလျက် ဓာတ်ဆေး အမျိုးမျိုးကို ဖော်စပ်လုပ်ကိုင်နိုင်ခဲ့၏။ နက္ခတ်ကျမ်း၊ ဗေဒင်ကျမ်း၊ ဓာတ်ကျမ်းအမျိုးမျိုးကိုလည်း ဒိုးကဲ့သို့ မွှေ့နိုင်သည့်ပြင် ကောင်းကင်က အမြင်နက္ခတ်ကိုပါ ကြည့်နိုင်သိနိုင်စွမ်း ရှိကြောင်းနှင့် ကျော်စောခဲ့လေ၏။ ရွှေမြို့တော်ပေါ်၌ နာမည်ကျော်ကြား နေသော ဆေးဆရာအချို့ပင် ဆရာအောင်ထံ၌ တပည့်ခံ၍ ပညာဗဟုသုတ ဆည်းပူးနေသည်ကို တွေ့ရလေ၏။ ဆေးပညာသင်ယူသူ လုလင်ပျို ၃၀ ခန့်လည်း နေ့စဉ်နှင့်အမျှ ဆရာအောင်အိမ်၌ သွားလာဝင်ထွက် ခစားလျက်ရှိကြ၏။ တစ်နေ့သော ညနေခင်းတွင် သမားတော်ကြီး ဆရာအောင်၏ အိမ်ဝင်းအတွင်းသို့ လှည်းတစ်စီး ဝန်စည်စလယ် အပြည့်နှင့် ရောက်ရှိလာပြီး လှည်းပေါ်မှ လုလင်ပျိုတစ်ဦး ဆင်းလာကာ

mgyoe.com

mgyoe.com



သမားတော်ကြီး ဆရာအောင်ကို တွေ့ပါရစေဟု ကုံကော်ပင်အောက်ရှိ သစ်သား ကွပ်ပျစ်ပေါ်၌ ထိုင်နေသူ လုလင်ပျိုတစ်ယောက်ထံ ခွင့်ပန်နေလေ၏။

'ဆရာ ရှိပါတယ်၊ ခဏစောင့်နေပါဦး'ဟု ပြောပြီး ထိုသူသည် အိမ်ပေါ်သို့ တက်သွားလေ၏။ တစ်ခဏအကြာတွင် သမားတော်ကြီးနှင့် တကွ ထိုသူ ဆင်းလာပြီး သမားတော်ကြီးသည် ကွပ်ပျစ်ပေါ် ထိုင်၍ လှည်းနှင့်လိုက်လာသူ လုလင်ပျိုကို ခြေဆုံးခေါင်းဆုံး ကြည့်ကာ အကဲခတ်နေလေ၏။ သမားတော်ကြီး ဆရာအောင်မှာ အရွယ်အားဖြင့် ၅၀ ကျော်၊ ၆၀ ခန့်မျှရှိ၍ အသားဖြူဖြူ လူရည်လူသွေးခံ့ညားလျက် နှုတ်ခမ်းမွေး ကျင်စွယ်နှင့် သန့်ပြန့်သော ရုပ်လက္ခဏာ ရှိလေ၏။ ညှော်သည်လုလင်ပျိုကား အရွယ်အားဖြင့် ၂၀ ကျော် အစိတ်ခန့်မျှရှိ၍ အလုံးအရပ် ထောင်ထောင်မောင်းမောင်းနှင့် အသားမှာ မဖြူမညို အသားလတ် ဖြစ်၏။ မျက်နှာမှာ လှပခြင်းထက် ခံ့ညားခြင်းက ပိုမိုလျက် ကျက်သရေရှိသော အသွင်ကို ဆောင်နေလေ၏။ မျက်လုံးမျက်ဖန် နှာတံကောင်း၍ စူးရှထက်မြက်သော အမူအရာလက္ခဏာ ရှိလေ၏။ ညှော်သည်လုလင်ပျိုမှာ ဆရာအောင်၏ ရှေ့တွင် ရိုသေကိုင်းညွတ်သော အမူအရာနှင့် ခြေစုံရပ်၍နေရင်း လက်ထဲတွင် ကိုင်ထားသော ကျည်တောက်ထဲမှ ထန်းဖူးစာချွန်ကလေးတစ်ခုကို ဆွဲထုတ်ကာ သမားတော်ကြီးအား ပေးလိုက်လေ၏။ သမားတော်ကြီးသည် ထန်းဖူးစာချွန်ကို ဆွဲယူဖတ်ကြည့်လိုက်ရာ

''ရန်ကုန်မြို့၊ ဗဟန်းတောရကျောင်းနေ ဘုန်းတော်ကြီး ဦးတေဇ မေတ္တာစကား ကြားသိ အမိန့်ရှိလိုက်သည် ဒကာကြီး ဆရာအောင်။ ယခုလာသူ သူငယ်မှာ ဘုန်းကြီး၏ တပည့်ရင်းဖြစ်၍ ဒကာကြီးက အစစကြည့်ရှုပြီး စောင့်ရှောက် မ,စလိုက်စေလိုသည်။ ၎င်းသူငယ်မှာ

mgyoe.com

mgyoe.com



ဆေးပညာနှင့် စစ်ပညာ သေနင်္ဂဗျူဟာကို ဝါသနာပါ၍ ငယ်စဉ်က ၎င်းပညာ နှစ်မျိုးလုံးကို အနည်းငယ်စီ သင်ယူခဲ့ဖူးသည်။ ပညာတတ်မြောက်သောအခါလည်း ၎င်း၏ ကြီးပွားရေးအတွက် ဒကာကြီး ဆရာအောင်ကပင် တတ်နိုင်သမျှ ချီးမြှင့် မ,စလိုက်ရန် ဖြစ်သည်။ ၎င်းသူငယ်မှာ ဉာဏ်ပညာထက်မြက်၍ ဆရာသမား၏ဩဝါဒကို ရိုသေကျိုးနွံစွာလိုက်နာသူ ဖြစ်သည်။

၎င်းပြင် ဆူးလေ ပဉ္စငါးပါး တစ်ပြည်သားခန့်နှင့် ပျားရည်စစ်စစ်သုံးပိဿာခန့် အလိုရှိပါသည်။ လူကြုံတွင် ပေးပို့လှူဒါန်းလိုက်စေလိုသည်။ ဒကာကြီး ဆရာအောင်နှင့်တကွ အိမ်သားများမှစ၍ ရွှေမြို့တော်တစ်ဝန်းလုံး ကျန်းမာ ချမ်းသာကြစေရန် မေတ္တာရေချမ်း ဆွတ်ဖျန်းပို့သလိုက်ပေသည်''ဟု တွေ့ရှိရလေ၏။

သမားတော်ကြီးသည် စာကို ဖတ်ပြီး လုလင်ပျိုကို ကြည့်ကာ ''မောင်ရင့် ဇာတိက ဘယ်ကလဲ''ဟု မေးလိုက်ရာ လုလင်ပျိုက ''သန်လျင်ကပါ ခင်ဗျာ''ဟု ဖြေလိုက်လေ၏။

''ဘုန်းကြီးဆီ ရောက်တာ ဘယ်လောက်ကြာပြီလဲ''

''ငါးနှစ်လောက် ရှိပါပြီ''

''နာမည် ဘယ့်နှယ်ခေါ်လဲ''

''စိုးမင်းပါတဲ့''

''မိဘက ဘာလုပ်သလဲ၊ မိဘနာမည် ဘယ့်နှယ်ခေါ်လဲ''

''လယ်ယာလုပ်ကိုင်ပါတယ်၊ ဦးထွန်းညိုနဲ့ ဒေါ်ငြိမ်းသာပါတဲ့၊ မိဘနှစ်ဦးလုံး ဆုံးသွားပါပြီ၊ ဦးလေးနဲ့ နေပါတယ်''

''ဒီအင်းဝမြို့တော်မှာ ဆွေမျိုးဉာတကာ အသိမိတ်ဆွေတွေ ရှိသလား'

''မရှိပါဘူး ခင်ဗျာ''

mgyoe.com

mgyoe.com


"အိမ်ထောင်ရက်သားကော ရှိသလား"

"မရှိပါဘူး ခင်ဗျာ"

"မင်းသင်ချင်တဲ့ ပညာနှစ်မျိုးလုံးကိုတော့ ငါ သဘောကျတယ်၊ ဆေးပညာဆိုတာ သူတစ်ပါး အသက် ကယ်ဆယ်တဲ့ ပညာမျိုးမို့ အဖိုးအနဂ္ဃထိုက်တန်တယ်။ စစ်ပညာ ဆိုတာလည်း နိုင်ငံတော်အတွက် အသက်ပေးကာကွယ်ရတဲ့ ပညာမျိုးဖြစ်လို့ အတိုင်းမသိ အဖိုးထိုက်တာပဲ၊ ခုအချိန်မှာ စစ်ပညာက ပိုပြီးတောင် အရေးကြီးနေတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ကုလားဖြူ အင်္ဂလိပ်တွေက နိုင်ငံတော်ကို ထိပါးနှောင့်ယှက်နေလို့ ဖြစ်တယ်။ ဆေးပညာအတွက်တော့ ငါကိုယ်တိုင် သင်ပေးမယ်၊ စစ်ပညာအတွက်ကတော့ ဘုန်းတော်ဖြစ် သေနတ်ဗိုလ် ဗိုလ်ကျော်ဆီ အပ်နှံပေးရမှာပဲ၊ ကဲ··· ကဲ မင့်ပစ္စည်းတွေ အချခိုင်း၊ လူပျိုသာ ဆိုရတယ်၊ ဝန်စည်စလယ်တွေက အိမ်ထောင်သည် ကျနေတာပဲကိုးကွ"ဟု ပြောပြီး···

"ဟေ့··· ဟေ့ မောင်ရွှေဝင်း၊ အိမ်ပေါ်က လူတွေ ခေါ်ပြီး ချပေးလိုက်ပါကွယ်၊ ပြီးတော့ စပါးကျီတောင်ဘက်က လုံတွေထားတဲ့ အဆောင်ထဲမှာ အခန်းလွတ်တစ်ခု ရှိတယ်။ အဲဒီအခန်းထဲမှာ နေရာချပေးလိုက်"ဟု အမိန့်ပေးလိုက်လေ၏။ တစ်ခဏအတွင်း မောင်ရွှေဝင်း ဆိုသူသည် အိမ်ပေါ်က လုလင်ပျိုများ ခေါ်ငင်ကာ လှည်းပေါ်မှ ပစ္စည်းများကို ဝိုင်းဝန်းကူညီချပေးလျက် သမားတော်ကြီးအမိန့်အတိုင်း လုံများသိုလှောင်ထားသော အဆောင်ထဲရှိ အခန်းလွတ်တွင် နေရာချထားပေးလိုက်ကြလေ၏။

*

mgyoe.com

mgyoe.com

# (၂)

ယခုအခါ မောင်စိုးမင်းမှာ သမားတော်ကြီးဆရာအောင်၏ အိမ်၌ နေ၍ ဆရာအောင်ကပင် ကျွေးမွေးထားခဲ့လေ၏။ မောင်စိုးမင်းက မိမိဘာသာ ထမင်းချက်ပြုတ် စားသောက်ရန် ပြောဆိုရာ တစ်ယောက်တည်းဖြစ်၍ အချိန်ကုန် ဝန်လေးပြီး ပညာသင်ရာ၌ နှောင့်နှေးရန်သာ ရှိကြောင်း၊ မိမိ (ဆရာအောင်)၏ အိမ်တွင် လူတစ်ယောက်အတွက် စားသောက်ရေး ဘာမျှဝန်မလေးကြောင်း ပြောဆိုကာ သမားတော်ကြီးကိုယ်တိုင်က ကျေနပ်စွာခွင့်ပြု ကျွေးမွေးထားခဲ့လေ၏။ မောင်စိုးမင်း၏ ဆရာတော်ဘုရားကြီး ဦးတေဇနှင့် ဆရာအောင်မှာ ငယ်သူငယ်ချင်းဖြစ်၍ ယခုတိုင်အောင် တစ်ဦးနှင့်တစ်ဦး ကျေးဇူးခံကျေးဇူးစား ဆရာဒကာရင်း ဖြစ်ခဲ့ခြင်းကြောင့်လည်း ဆရာအောင်က စိုးမင်းအပေါ်၌ ချီးမြှောက်မ,စနိုင်ခြင်း ဖြစ်တော့၏။ အမှန်အားဖြင့်လည်း ဆရာအောင်၏အိမ်တွင် လူတစ်ယောက် တိုးသည့်အတွက် အစားအသောက်ဘက်က ဘာမျှ ပိုမိုချက်ပြုတ်ရခြင်း မရှိပေ။ အကြောင်းမူကား နေ့စဉ် ဆရာအောင်၏အိမ်၌ လူပေါင်း ၃၀ ခန့် ည နံနက် ကျွေးမွေးနေရသောကြောင့်တည်း။ ဆရာအောင်တွင် သားရင်း သမီးရင်း မရှိ။ မွေးစားထားသော တူနှင့် တူမများအပြင် တပည့်ရင်းချာ ဆွေမျိုးဉာတကာအချို့နှင့် အိမ်ဖော်

mgyoe.com

mgyoe.com


ဝေယျာဝစ္စ ဆောင်ရွက်နေသူများပါ လူပေါင်း ၃၀ ခန့် ရှိနေ၏။ မောင်စိုးမင်းမှာ ဆရာအောင်ထံ၌ ဆေးပညာအတွက် စာတွေ့ လက်တွေ့ နှစ်မျိုးလုံး သင်ကြားခွင့် ရရှိခဲ့ရာ နဂိုဓာတ်ခံကလည်းရှိ၊ မှတ်ဉာဏ်က လည်း ကောင်းသဖြင့် ဆရာအောင် ကိုယ်တိုင်က ကျေနပ် ချီးကျူးခြင်း ခံရခဲ့လေ၏။ ဆရာအောင်၏ တပည့်ရင်းဖြစ်သူ မောင်ရွှေဝင်းမှာ ရွှေ မြို့တော်သား ဇာတိဖြစ်၍ စိုးမင်းအား အစစ ကူညီလျက်ရှိရာ စိုးမင်း မှာ ရွှေဝင်းနှင့် ခင်မင်ရင်းနှီးလျက် ရွှေဝင်း၏ရှေ့ဆောင်ချက်အရ လောက သရဖူ၊ ရတနာမဋ္ဌူ၊ မြသိန်းတန်၊ ရန်အောင်မြင်နှင့် မဟာမြတ်မုနိ စေတီတော် စသော ဘုရားပုထိုးများ ဖူးမြော်ရသည့်ပြင် နန်းတော်၊ အိမ်တော်၊ လွှတ်တော်၊ ရုံးတော်၊ ဗြဲတိုက်တော်နှင့် ဆင်ဖမ်းသဘင် ထွက်တော်မူရာ ဆင်ကျုံးမှစပြီး ကြည့်ရှုဖွယ်ရှိသမျှ လိုက်လံပြသ ကြည့် ရှုခဲ့ရလေ၏။ ရွှေဝင်းမှာ ဆေးပညာ ဝါသနာပါ၍ သင်ကြားနေသော် လည်း မျိုးရိုးက ရွှေတိုက်စာရင်းဝင် မှူးမတ်မျိုးဖြစ်ရာ ၎င်း၏ဖခင်မှာ အခြားမဟုတ်၊ သမားတော်ကြီး ဆရာအောင်က စိုးမင်းအား "စစ်ပညာ သင်ကြားရန်အတွက် ဘုန်းတော်ဖြစ်သေနတ်ဗိုလ် ဗိုလ်ကျော်ဆီအပ်နှံ ပေးရမှာပဲ"ဆိုသော "နေမျိုးမင်းခေါင်"ဘွဲ့ခံ ဘုန်းတော်ဖြစ်သေနတ် ဗိုလ် ဗိုလ်ကျော်ပင် ဖြစ်ပေ၏။ ဘုန်းတော်ဖြစ်သော သေနတ်ဗိုလ် ဆို သည်ကား စုကြီးအမှုထမ်းတွင် ပါဝင်သည့် အစုသေနတ် (၁၂)မျိုးတွင် တစ်ခုဖြစ်သော "ဘုန်းတော်ဖြစ်"ခေါ် သေနတ်တပ်ကို အုပ်ချုပ်ရသူ ဗိုလ်ကို ခေါ်ခြင်းဖြစ်၏။ ဘုန်းတော်ဖြစ်သေနတ်တပ်မှာ လက်နက်ကိုင် တပ်သား (၂၈၂)ယောက် ရှိ၍ နောက်ထောက် (၂၈၂၀) ရှိ၏။ နောက် ထောက် ဆိုသည်မှာ ထိုသေနတ်လက်နက်ကိုင် ရဲမက်တော် (၂၈၂) ယောက်အတွက် ဖြည့်စွက်ရန်နှင့် ထောက်ပံ့ရန် ထားသော တောလက် ကျေးရွာများ၌နေသူများ ဖြစ်၏။ ဘုန်းတော်ဖြစ်သေနတ်တပ်မှာ နန်းတော်

mgyoe.com

mgyoe.com


နှင့် ရွှေမြို့တော်ကို ကာကွယ်စောင့်ရှောက်ရန် ထားသော တပ်ဖြစ်သော် လည်း စစ်မက်အခြေအနေ အရေးကြီးလာလျှင် ရံဖန်ရံခါ စစ်မြေပြင်သို့ လည်း ထွက်၍တိုက်ရသေး၏။ ဘုန်းတော်ဖြစ် သေနတ်ဗိုလ် ဗိုလ်ကျော် ကား စစ်ဘက်ဆိုင်ရာသေနင်္ဂဗျူဟာပညာတွင် သူမတူအောင် ကျွမ်းကျင် ၍ လက်ရှိအမှုထမ်းနေသူ ဗိုလ်မှူး၊ ဗိုလ်ချုပ် အချို့တို့ကပင် ဆရာတင် ထားခြင်းခံရသူ ဖြစ်လေ၏။ ဗိုလ်ကျော်မှာ မျိုးရိုးအားဖြင့် အလောင်း မင်းတရားကြီး လက်ထက်က မြင်းရည်တက် ရဲဘက်တော် ခြောက်ကျိပ် ရှစ်ယောက်အပါအဝင် မင်းခေါင်နော်ရထာဘွဲ့ရ ဗိုလ်ချုပ်ကြီးဦးကွန်၏ မြေးဖြစ်၍ စစ်ဘက်တွင် မျိုးနှင့်ရိုးနှင့် ဗီဇပါလျက် ဝါသနာထုံကာ ပါရဂူဖြစ်လာခြင်း ဖြစ်ပေ၏။ သို့ဖြစ်သောကြောင့်ပင် ဘုရင်မင်းမြတ်က "မင်းခေါင်နော်ရထာ" မြေးဖြစ်၍ နေမျိုးမင်းခေါင်ဟု ဘွဲ့ပေးကာ လုံခြုံမှုအတွက် ယုံကြည်စိတ်ချစွာနှင့် နန်းတော်ကို စောင့်ရှောက်ရန် သေနတ်ဗိုလ်ခန့်ထားခြင်း ဖြစ်ပေ၏။ ထို့ပြင် ဗိုလ်ကျော်မှာ စစ်ပညာသင် ရဲမက်တော်တို့အတွက် သေနင်္ဂဗျူဟာ စစ်တလင်းသို့ဆင်းကာ သင်ကြား ပြသပေးရန်လည်း အကြီးအချုပ်အဖြစ်နှင့် ခန့်ထားခြင်းခံရသူ ဖြစ်၏။ ဗိုလ်ကျော်မှာ သေနင်္ဂဗျူဟာ စစ်ပညာတွင် ထိုမျှလောက် ပါရဂူမြောက် အောင် ကျွမ်းကျင်နေသော်လည်း ပညာအတွက် မာနခံကာ မဟာမျိုး မဟာနွယ်မှစ၍ မည်သည့် မှူးကြီး မတ်ကြီး ဝန်ကြီးများကိုမျှ ခစားကပ် ရပ်ခြင်း မရှိခဲ့သောကြောင့် ဘုန်းတော်ဖြစ် သေနတ်ဗိုလ်ဘဝက မတက် ခဲ့ခြင်း ဖြစ်၏။ ရွှေဝင်းမှာမူ စစ်ပါရဂူ၏သားဖြစ်လင့်ကစား စစ်ပညာကို လည်း ဝါသနာမထက်သန်။ ဆေးပညာကို လိုက်စားပြန်ပါလည်း ထက် သန်ခြင်း မရှိလှ။ စကောစကနှင့် ဒါယေယ ဝါယေယ၊ ဟေးလားဝါး လား သူငယ်ချင်းမိတ်သင်္ဂဟများနှင့် ပျော်ပျော်ပါးပါးနေရလျှင် ကျေနပ် နေသူ တစ်ယောက် ဖြစ်ပေ၏။ စိုးမင်းကား ရွှေဝင်းနှင့် ခြားနား၏။

mgyoe.com

mgyoe.com


စိုးမင်းမှာ ပညာကို လွန်စွာ လိုလားသည့်အတိုင်း ဖွဲ လုံ့လ ဝီရိယရှိသည့်ပြင် ကျက်ဉာဏ် မှတ်ဉာဏ်နှင့် သဘောဉာဏ်ကလည်း ကောင်းသဖြင့် တစ်ထွာပြ တစ်လံမြင်၊ တီထွင်နိုင်သည်အထိ ဉာဏ်ရှိသူဖြစ်သောကြောင့် ဆရာအောင်ထံ၌ ဆေးပညာ သင်ယူနေသူ လုလင်ပျို အပေါင်းတို့တွင် ဆရာအောင်၏ အားရကျေနပ်ဆုံးသော တပည့်တစ်ဦးအဖြစ်သို့ ရောက်ခဲ့လေ၏။ စိုးမင်းသည် နံနက်ခင်းနှင့် ညနေတိုင်းလိုလို အညောင်းလည်းပြေ၍ ကျန်းမာရေးလည်း ညီညွတ်ရန် ရွှေမြို့တော်လည်း နှံ့စပ်ရန် လမ်းလျှောက်ထွက်လေ့ရှိရာ တစ်ခါတစ်ရံ ရွှေဝင်းနှင့်အတူ ထွက်၍ တစ်ခါတစ်ရံ မိမိတစ်ယောက်တည်း ထွက်လေ့ရှိပေ၏။ တစ်နေ့သော ညနေခင်းတွင် စိုးမင်းနှင့် ရွှေဝင်းသည် ညနေခင်းစကြံယူရင်း ညောင်ရမ်းမင်းတရားကြီး ကောင်းမှုဖြစ်သော မဟာမြတ်မုနိစေတီတော် အနီးသို့ ရောက်သွားရာ စေတီတော်၏ မဟာရံတံတိုင်း မုခ်တံခါးဝတွင် လူထုပရိသတ်များ ပြည့်ကျပ်၍ ရုတ်ရုတ်သဲသဲနှင့် ဖြစ်နေသည်ကို မြင်ရသဖြင့် ပရိသတ်များရှိရာသို့ ဝင်ရောက်ကြည့်ရှုကြလေ၏။ စစ်ဘက်ဆိုင်ရာ ဗိုလ်မှူး တပ်မှူးများနှင့် ရဲမက်များပြင် ရွှေမြို့တော်ဝန်မင်း၏ လက်အောက်ခံ အရာရှိအရာခံ မင်းမှုထမ်းများကိုလည်း တွေ့ရလေ၏။

"ကိုရွှေဝင်း ဘာလဲဗျ၊ မေးကြည့်စမ်းပါ"ဟု စိုးမင်းက ပြောလိုက်သဖြင့် ရွှေဝင်းက အနီးရှိ ရဲမက်တော်သားတစ်ဦးကို ချဉ်းကပ်မေးမြန်းကြည့်ရာ-

"မင်းကလေး ဘုရားဖူးထွက်တော်မူလာတယ်"ဟု ပြောလိုက်လေ၏။ စိုးမင်းက ရွှေဝင်းနားနားသို့ကပ်ပြီး "မင်းကလေးဆိုတာ ဘယ်သူလဲဗျ"ဟု မေးလိုက်ရာ "ညောင်ရမ်းမင်းသားကို ပြောတာဗျ"ဟု ရွှေဝင်းက ပြောပြီး နှစ်ယောက်သား ပရိသတ်ထဲသို့ တိုးဝှေ့ဝင်ရောက်ကြလေ၏။ မကြာမီ ဘုရားထဲမှ "ထွက်တော်မူလာပြီ" ဟူသောအသံ

mgyoe.com

mgyoe.com



ကြားရပြီးနောက် ရွှေမြို့တော်ဝန်မင်းနှင့် အရာရှိအရာခံများက ပရိသတ်ကို ဖယ်ရှား၍ လမ်းများကို ရှင်းလင်းကာ စီတန်း စောင့်ရှောက်နေကြစဉ် တပ်ဝင်းအခင်းအကျင်းနှင့် ညောင်ရမ်းမင်းသား ထွက်တော်မူလာလေ၏။ လူထုကြီးကား အနီးသို့မကပ်ရသော်လည်း အဝေးမှတိုးဝှေ့ကာ သူ့ထက်ငါ ကြည့်ရှုဖူးမြော်ကြလေ၏။ စိုးမင်းနှင့် ရွှေဝင်းလည်း ပရိသတ်များနှင့် အတူ နန်းတော်နားသို့ရောက်အောင် လိုက်သွားကြပြီးမှ ပြန်လာခဲ့ကြလေ၏။ လမ်းတွင် စိုးမင်းက–

"ကိုရွှေဝင်း ညောင်ရမ်းမင်းသားအကြောင်းကို သိပ်လူပြောများတာပဲ၊ လူတွေကလည်း သိပ်ကြည်ညိုပုံရတယ်၊ ဘယ်လိုလဲဗျ"

"လမ်းမတတ်တတ်မှာ ကြမ်းကြား လေကြား သူများကြားသွားရင် မတော်တဆ ရာဇဝတ်မကင်းဘဲ ဖြစ်နေပါမယ်၊ ခင်ဗျားသိချင်ရင် ဆရာ့ဆီ ဝင်မေးကြည့်၊ ဆရာကမှ သေသေချာချာ* လုံးစေ့ပတ်စေ့ သိတယ်၊ ညောင်ရမ်းမင်းသားအကြောင်းသာ ပြောရရင် ဆရာက ထမင်း အငတ်ခံ ပြောတာပဲ"

ပြောရင်းဆိုရင်း အိမ်သို့ရောက်လာကြ၏။ အဝတ်များလဲကာ ရေမိုး ချိုး ထမင်းစားကြလေ၏။ ထိုနေ့ည ထုံးစံအတိုင်း သမားတော်ကြီး၏ ထံ၌ သင်ခန်းစာ တက်၍ အပြီးတွင် အခြား ပညာသင် လုလင်များ ထွက်သွားပြီးနောက် စိုးမင်းက ဆရာ့ထံ ချဉ်းကပ်ကာ ညနေက ညောင် ရမ်းမင်းသား ဘုရားဖူးထွက်တော်မူလာခြင်း တွေ့ရပုံပြောပြပြီး ညောင် ရမ်း မင်းသားအကြောင်း မေးမြန်းလေရာ–

"မင်းက အောက်ပြည်အောက်ရွာက ခုမှလာခါစမို့ ဒီအကြောင်း မသိပေဘူးပေါ့။ ရွှေမြို့တော်ပေါ်မှာတော့ လူတိုင်းလိုလို သိနေကြတာပဲ၊ ညောင်ရမ်းမင်းသားဆိုတာ ဇမ္ဗူမှာ တစ်လူပေါ်လာတဲ့ ယှဉ်ဘက်ကင်းတဲ့

---

* လုံးစေ့ပါဋ်စေ့ * လုံးစေ့ပတ်စေ့

mgyoe.com

mgyoe.com



မင်းသားကလား၊ ပဋိသန္ဓေ စပြီး နေကတည်းက ဖွားတော်မူသည်အထိ ရှစ်လကျော် ကိုးလလုံးလုံး နေ့စဉ်ရက်ဆက်ဆိုသလို မြေငလျင်အကြိမ်ကြိမ် တုန်လှုပ်လာခဲ့တယ်။ မဖွားမီ တစ်လကျော်၊ တော်သလင်းလပြည့်ကျော် ၄ ရက်နေ့က နန္ဒဝန်ဥယျာဉ်တော်မှာ စိုက်ထားတဲ့ ကသစ်ဖြူပင်၊ ပင်လုံးနဲ့ အကိုင်း အခက် အရွက်တွေက ရေထွက်တယ်၊ အလယ်ကျွန်းစံနန်းတော် မြောက်ဘက်မှာ စိုက်ထားတဲ့ သီလာစန္ဒနပင်ကလည်း ဒီလိုပဲ ရေထွက်တယ်''

''ဒီ တိတ်နိမိတ်တွေဟာ ညောင်ရမ်းမင်းသားအတွက် ဖြစ်တယ်လို့ ဘယ်လိုလုပ် သိသလဲ ဆရာ''

''ဒီအခါတုန်းက ဗေဒင်နက္ခတ်အရာမှာ ပါရဂူဖြစ်တဲ့ ပုရောဟိတ်ပုဏ္ဏားတော်ကြီး ရာမကစ္စနားနဲ့ လောကေသရတို့က တွက်ချက်ပြီး ညောင်ရမ်းမင်းသားအတွက် ဖြစ်ကြောင်း ဟောဆိုကြတယ်။ ငါကိုယ်တိုင်လည်း သိတာပဲ၊ ကမ္ဘာဇလေလှုပ်လို့ ဖွားတော်မူမယ်ထင်ပြီး မယ်တော်က မီးရှူးတော်စံခန်း ကြွနေရတယ်၊ နှစ်ရက်ခန့်ကြာအောင် ဖွားတော်မမူလို့ ပုဏ္ဏားတော်များရဲ့ ဟောဆို သံတော်ဦးတင်ချက်အရ ဘိုးတော်ဘုရားမင်းတရားကြီးက ရွှေထီးရှစ်လက် ထီးဖြူနှစ်လက် လက်ဖွဲ့တော်မူပြီး မီးရှူးသဏ္ဌာလီထက်မှာ ဖြန့်ကြက် မိုးကာပေးရတယ် (ဒီအခါတုန်းက ဘိုးတော်ဘုရားလက်ထက်ကို အခု ရွှေနန်းရှင်က ရှင်ဘုရင်မဖြစ်သေးဘူး၊ အိမ်ရှေ့မင်းဘဝ ရှိသေးတာကလား) ဒီလိုလုပ်တာလည်း မဖွားနိုင်သေးလို့ ပုဏ္ဏားတော်တွေက ဇာတာကို ထပ်မံစစ်ဆေးပြီး ထီးဖြူတော်လေးလက်နဲ့ နဝရတ်ကိုးပါး ခြယ်တဲ့ မနောလင်ပန်းကို လက်ဖွဲ့မှ ဖွားတော်မူပါမယ်လို့ သံတော်ဦး တင်ကြပြန်တယ်။ သူတို့ တင်တဲ့အတိုင်း လက်ဖွဲ့မှ ဖွားတော်မူလာတယ်။ ဖွားတော့ အချင်းစလွယ် နှစ်ဖက်သိုင်းနဲ့ ပါလာတယ်''

mgyoe.com

mgyoe.com



"သြော်… ထူးလည်း ထူးပေတာပဲနော်"

"ထူးပုံကတော့ ဒီမျှ ဘာကမလဲကွယ်၊ ဖွားတာနဲ့ တစ်ပြိုင်နက် သစ်တပ်အတွင်းမှာရှိတဲ့ ပဟိုရ်စည်နဲ့ နာရီတော်ခေါင်းလောင်းက အလိုလို အသံထွက်ပြီး မြည်လာတယ်။ နဗဒဏ္ဍာ မနောဟာရ ထီးဖြူတော်လည်း အလိုလိုလန်ပြီး ပွင့်သွားတယ်။ နိဗ္ဗာနပစ္စယနာဂရာဇာ ဘွဲ့မည်တော်ရှိတဲ့ ဆဒ္ဒန်ဆင်ဖြူတော်ကြီးကလည်း အရှေ့ဘက်လှည့်ပြီး လက်နှစ်ဖက် မြှောက်၊ ဦးကင်းထက် နှာမောင်းသိုပြီး ကြိုးကြာသံနဲ့တူတဲ့ အသံမျိုးနဲ့ သုံးကြိမ်တိုင်အောင် မြည်ဟည်းပြီး ကြွေးကြော်တယ်"

"ဆင်ဖြူတော်ကြီး ဆိုတာက"

"အခုရှိတဲ့ ဆင်ဖြူတော်ကြီးပေါ့ကွ၊ မင်း ဆင်ဖြူတော်ကို မတွေ့ရသေးဘူး ထင်တယ်၊ ဝါဂွမ်းလို လရောင်လို ငွေသားပကတိလို ဆွတ်ဆွတ်ဖြူနေတာပဲ၊ တစ်နေ့မှ မင့်ကို ဆင်ဖြူတော်ကြီး လိုက်ပြရဦးမယ်"

"ရုပ်လက္ခဏာအနေအထားလည်း လှပချောမောမှာပဲ ထင်တယ်"

"ချောပုံကတော့ ပြောမကုန်အောင်ပကွယ်၊ အထူးကတော့ လက်ယာလက်ဖဝါးမှာ ခရုသင်းလို လက်ယာရစ်ပြီး လက်ဝါးအပြည့် ခုနစ်ပတ်လည်ပြီးမှ အလယ်လက်ခလယ် အဖျားတိုင်အောင် တက်သွားတယ်။ လက်ဝဲဘက် လက်ဖဝါးမှာလည်း အလယ်တည့်တည့်က အချိန် ၃၂ ရတီခန့်ရှိတဲ့၊ မြရောင်အဆင်းရှိတဲ့ မှဲ့ရှင်တစ်လုံး ပါလာတယ်။ ဒီမှဲ့ရှင်က ကြည်လင် တောက်ပနေတာပဲ"

"သိပ်ကို ထူးခြားလှပါကလား"ဟု စိုးမင်းက အံ့အားသင့်စွာ ပြောလိုက်၏။

"ဒါတွင် ဘာကဦးမလဲ၊ ဖွားဖက်တော်ခုနစ်ယောက် တစ်ပြိုင်နက် ပါလာသေးတယ်။ မင်းသားကို ဖွားပြီး ချက်ချင်းလိုပဲ တစ်ချိန်တည်းလောက် ဖွားမြင်ခဲ့ကြတယ်။ မြင်းဇောင်းတော်မှာလည်း မြင်းတော်

mgyoe.com

mgyoe.com


ကလေး တစ်ကောင်၊ အဲဒီနေ့ အဲဒီအချိန်မှာပဲ မွေးတယ်။ 'ရွှေလဝန်း' မြင်းတော်လို့ နာမည်ပေးထားတယ်''

''ဖွားဖက်တော် ခုနစ်ယောက်က ဘယ်လိုလူစားတွေလဲ ဆရာ၊ မင်းညီမင်းသားတွေပဲလား၊ သူတို့လည်း အခု ရှိကြတာပဲလား''

''မင်းညီမင်းသား မဟုတ်ဘူးကွဲ့၊ ရွှေတိုက်စာရင်းဝင် မှူးမတ်တွေရဲ့ သားတွေပေါ့။ မောင်မှတ်၊ မောင်ရေး၊ မောင်မြတ်ရာ၊ မောင်ရွှဲ၊ မောင်ယန်း၊ မောင်ချမ်းငြိမ်းရာ၊ မောင်ဘူးတဲ့။ အဲဒီခုနစ်ယောက်မှာ မောင်မှတ် ဆိုတာ ညောင်ရမ်းမင်းသားနဲ့ ရုပ်ပုံအနေအထား ခွဲခြားလို့ မရဘူး။ အမြွှာမွေး ကျနေတာပဲ။ အေး… ထူးခြား ကွဲလွဲတာကတော့ သူ့လက်ဖဝါး နှစ်ဖက်လုံးမှာ ညောင်ရမ်းမင်းသားလို ထူးခြားတဲ့ လက္ခဏာ အမှတ်အသားတွေ မပါလာဘူး။ ဒါပဲ ထူးတယ်။ ဖွားဖက်တော် ခုနစ်ယောက်လုံး သတ္တိခဲတွေချည်းပဲ။ ဒီအထဲမှာ အထူးကဲဆုံးကတော့ မောင်ရေးနဲ့ မောင်မြတ်ရာတဲ့။ အဲဒီခုနစ်ယောက်လုံးဟာ အခု ညောင်ရမ်း မင်းသားဆီမှာပဲ ရဲဘော် ကျွန်တော်ရင်းအဖြစ်နဲ့ အမှုထမ်းနေကြတယ်၊ မောင်ရေးကို 'မင်းကျော်သီဟ'လို့ ဘွဲ့ပေးထားတယ်။ ဆံရှည်ဗိုလ်လို့လည်း ခေါ်ကြတယ်။ မောင်မြတ်ရာကိုတော့ 'တောင်ကြီးဗိုလ်'လို့ ခေါ်တယ်။ တကယ့် သံမဏိအာဇာနည် ထိပ်သီးတွေပေါ့''ဟု ဆရာအောင်က စိတ်ပါလက်ပါ လေးနက်စွာနှင့် ပါးစပ်အရသာခံ၍ ပြောလိုက်ရာ စိုးမင်းမှာ နန်းထောင်နေရင်း ကြက်သီးမွေးညင်း ထလုမတတ် ဖြစ်သွားလေ၏။

'''အဘက်ဘက်က ထူးခြားနေတာကိုး၊ ဒါကြောင့်လည်း ကျော်ကြားပေတာပဲ၊ နေပါဦး ဆရာ၊ စကြာမင်း စကြာမင်းနဲ့ ခေါ်နေကြတာက ဘယ်လိုအဓိပ္ပာယ်ပါလဲ''

''ဒါက ဒီလိုကွဲ့၊ ဖွားပြီး ခုနစ်ရက်အကြာမှာ မယ်တော်အိမ်ရှေ့

mgyoe.com

mgyoe.com


မိဖုရား နတ်ရွာစံသွားတယ်။ အဲဒီအတွက် ဘုရားလောင်းနဲ့ အဖြစ်အပျက် ထပ်တူကျသွားတယ်။ ဘုရားလောင်းဆိုတာ တို့ ဂေါတမဘုရားကစပြီး ဘုရားလောင်းမှန်သမျှ ဖွားပြီး ခုနစ်ရက်ရှိရင် မယ်တော်နတ်ရွာစံရရိုး ထုံးစံရှိတာကလား။ ဘုရားလောင်း ဆိုတာလည်း တောထွက်ပြီး ရဟန်း မလုပ်ဘဲ လူ့ဘဝနဲ့သာနေရင် မုချ စကြာမင်းဖြစ်ရမှာကို ဒီလိုအခြေအနေ ချင်းတူမှု၊ ဖြစ်ပုံအချက်အလက်တွေ ထူးခြားမှုကြောင့် သူ့ခမည်းတော် အိမ်ရှေ့မင်း (အခု ရွှေနန်းရှင် ဘုရင်မင်းမြတ်ကပေါ့) "စကြာမင်း"လို့ ကင်ပွန်းတပ်လိုက်တယ်၊ ငယ်နာမည်က မောင်ဖေခင်တဲ့။ ဘွဲ့တော်က "မဟာသီဟသူရ ဓမ္မရာဇာ"လို့ ခေါ်တယ်။ ညောင်ရမ်းမြို့ကို စားရလို့ ညောင်ရမ်းမင်းသားလည်း ခေါ်တယ်။ ပြည်သူလူထုကတော့ စကြာမင်းဆိုမှ သိတယ်။ ရွှေမြို့တော်ပေါ်က လူတွေကတော့ မင်းကလေးလို့ ခေါ်ကြသေးတယ်။ ရဲရဲတောက် မကိုင်နှုိုးဖူး၊ ထူးမြတ်တဲ့ကိုယ်တော်ကလေး မို့ မုချ အထွတ်အထိပ်ကို ရောက်မှာပါပဲ"

"ဒါဖြင့် မင်းကလေးဟာ အခု အိမ်ရှေ့မင်းပေါ့ ဆရာ"

ဆရာအောင်က နှုတ်ခမ်းမွေးကိုသတ်ရင်း တစ်ခဏမျှငေးနေပြီးမှ...

"ဒီအချက်က တစ်မျိုးဖြစ်နေတယ်ကွဲ့၊ မင့်အတွက်ကတော့ ဒါတွေကို သိထားနှင့်မှ ဖြစ်မှာမို့ ပြောရတော့မှာပေါ့။ ကြမ်းကြားလေကြား စကားပေါက်ကြားသွားမှာလည်း စိုးရသေးတယ်။ ဒီအကြောင်းတွေကို သိရုံသာသိထားမှ ဖြစ်မယ်။ သူတစ်ပါးနဲ့ သွားဆွေးနွေး ဝေဖန်လို့တော့ မဖြစ်ဘူး"

"စိတ်ချပါ ဆရာ၊ ဘယ်သူနဲ့မှ ဆွေးနွေးဝေဖန်မှု မပြုပါဘူး"

"တို့ဘုရင် ရွှေနန်းရှင်မှာ သူတစ်ပါးထက် ထူးခြားတာက မိဖုရားကို ဦးစားပေးပြီး မြတ်နိုးတော်မူတယ်။ မိဖုရားကိုချစ်တော့ မိဖုရားက အခွင့်အရေးတွေ အစွမ်းကုန်ယူတာပေါ့။ ဒါ့ကြောင့် အရှင်နန်းမတော်

mgyoe.com

mgyoe.com


မိဖုရားခေါင်ကြီးရဲ့ မောင်တော် ကိုအိုကို စလင်းမင်းသားကြီး ဆိုပြီး ချီးမြှင့် မြှောက်စားထားတယ်။ နန်းမတော်ဘုရားရဲ့ အလိုတော်အတိုင်း သာဆိုရင် သူ့မောင်တော် စလင်းမင်းသားကြီး ကိုအိုကို အိမ်ရှေ့တောင် ပေးစေချင်တာပ။ အရှင်နန်းမတော်ဘုရား ဆိုတာလည်း တခြားမဟုတ် ပါဘူး။ ဆရာ့ကို အင်မတန် ကြည်ညိုပြီး ချီးမြှင့် မြှောက်စားနေတဲ့ ကျေးဇူးရှင်တစ်ဦးပါပဲ။ သို့ပေမဲ့ ဒီလောက်ထိအောင် အခွင့်အရေးယူချင် တာမျိုးတော့ ဆရာ မကျေနပ်ဘူးကွယ်။ အိမ်ရှေ့မင်း ခန့်ဖို့အရေးမှာ ဒီအချက်က အခက်တစ်ခုဖြစ်နေတယ်။ နောက်ပြီးတော့ အခက်တစ်ခု ရှိသေးတယ်။ ရွှေနန်းရှင် ဘုရင်မင်းမြတ်ရဲ့ ညီတော်ရင်း သာယာဝတီ မင်းသားကြီးဆိုတာ အင်မတန်ထက်မြက်တယ်၊ နောက်လိုက်နောက်ပါ ရဲဘော်ရဲဘက် ကျွန်ယုံတော် တပည့်တပန်းတွေကလည်း ရာထောင်မက ပေါများတယ်။ အဲဒီ ညီတော် သာယာဝတီမင်းသားကြီးကလည်း အိမ် ရှေ့မင်း လုပ်ချင်တာပဲ။ အဲဒီမှာလည်း အခက်အခဲတစ်ခု ရှိနေပြန်တယ်။ သာယာဝတီမင်းသားဟာ အိမ်ရှေ့မင်း အရည်အချင်းနဲ့ ပြည့်တင်းတာ အမှန်ပဲ။ သို့ပေမဲ့ သူ့ထက်ကြီးတဲ့ ဘုရင်မင်းမြတ်ရဲ့ အမေတူ အဖေတူ ညီတော်ရင်းဖြစ်တဲ့ တောင်ငူမင်းသားကြီး ဆိုတာက ရှိနေပြန်တော့ အကြီးကိုကျော်လွန်ပြီး အငယ်ကိုခန့်ဖို့ မဖြစ်နိုင်ပြန်ဘူး။ တောင်ငူမင်းသား ကြီး ဆိုတာကတော့ တိုင်းရေးပြည်ရေးနိုင်ငံရေး ဂရုမစိုက်ဘူး။ အေးအေး ပဲ စံနေတော်မူတယ်။ အစစ်အမှန်ကတော့ကွယ် သားတော်ရင်း ညောင် ရမ်း မင်းသားဟာ ထီးမွေနန်းမွေ အဆက်ခံထိုက်ဆုံး အရင်းအချာဆုံးမို့လို့ သားတော်ကို အိမ်ရှေ့ ပေးထိုက်တာပေါ့။ သို့ပေမဲ့ နန်းမတော်ဘုရားရဲ့ မျက်နှာကြည့်နေရ၊ ညီတော် တောင်ငူနဲ့ သာယာဝတီရဲ့ မျက်နှာကြည့်နေ ရနဲ့ ဘယ်သူ့မှ အိမ်ရှေ့မင်း မခန့်ဘဲ ထားလိုက်တယ်။ ဒါ့ကြောင့် ဒီလက်ထက်မှာ အိမ်ရှေ့မင်း မရှိဘူး''

mgyoe.com

mgyoe.com


"သြော်… ဒီလိုကိုး၊ အမှန်ဆိုရင် ဆရာပြောသလို မင်းကလေးကို အိမ်ရှေ့မင်းခန့်ထိုက်တာပဲ"ဟု စိုးမင်းက ထောက်ခံ ပြောဆိုလိုက်လေ၏။

ထိုအခိုက် နန်းတော်ကြီးမှ ဆရာအောင်ထံ အခေါ်ရောက်လာသဖြင့် စကားဖြတ်ကာ ဆရာအောင် နန်းတော်ကြီးသို့ လိုက်သွားရလေ၏။

[ရာဇဝင်မှတ်ချက်။ ။ စတုတ္ထရတနာပူရ အဝမြို့တည် ဘကြီးတော်ဘုရားလက်ထက် အိမ်ရှေ့မင်း မရှိပေ။ အချို့သောစာအုပ်စာတမ်းတို့၌ သာယာဝတီမင်းသားကြီးကို အိမ်ရှေ့မင်းဟု ရေးသားနေကြသည်မှာ အထင်အမှတ်လွဲပြီး ရေးသားနေကြခြင်းသာ ဖြစ်၏။ မှန်နန်းရာဇဝင်တော်၌ လည်းကောင်း၊ ကုန်းဘောင်ဆက်မဟာရာဇဝင်ဆက်ကြီး၌ လည်းကောင်း မပါရှိခဲ့ပေ။ အထူးအားဖြင့် ဤအချက်နှင့်ပတ်သက်၍ မင်းတုန်းမင်းနှင့် သီပေါမင်းကို သိမီလိုက်ရုံမက ကိုယ်တိုင်က မဟာမျိုးမဟာနွယ်၊ မင်းမျိုးမင်းနွယ်အစစ်ဖြစ်၍ မင်းသားတစ်ပါးဖြစ်သူ ကုန်းဘောင်ရာဇဝင် ကျမ်းပြုဆရာကြီး ဦးမောင်မောင်တင် (၁) K.S.M; A.T.M. ပင်စင်စားနယ်ပိုင်ဝန်ထောက်မင်းက ကျွန်ုပ်၏ မေးမြန်းချက်အရ ၁၂-၂-၁၉၄၀၊ နေ့စွဲနှင့် ဖြေကြားလိုက်သော သူ၏ကိုယ်တိုင်ရေး လက်ရေးစာမူသည် အကျွန်ုပ်ထံ၌ ယခုထက်ထိ ရှိခဲ့ပေသည်။ ထိုစာတွင် "ညီတော် သာယာဝတီမင်းသည် မည်သည့်အခါမှ အိမ်ရှေ့မင်း မဖြစ်ရဖူးပါ"ဟု ပါရှိပေ၏။ နော်ရထာကျော်ထင် ဘွဲ့ရ ပုဂံဝန်ထောက်မင်း ဦးတင် (၂) K.S.M., A.T.M.;ရှိစဉ်ကလည်း ဤအတိုင်းပင် အမိန့်ရှိခဲ့ဖူးပါသည်။ သို့သော် ပုဂံဦးတင်ထံမှကားစာအားဖြင့် ရေးသားချက် ယူမထားခဲ့မိ၍ သက်သေပြစရာ မရှိခဲ့ပေ]

*

mgyoe.com

mgyoe.com

# (၃)

တစ်နေ့သော ဥပုသ်နေ့ နေ့လယ်ခင်းတွင် သမားတော်ကြီး ဆရာအောင်နှင့်တကွ အိမ်သားများ ရွှေစေတီကျောင်းတိုက်သို့ ဥပုသ်စောင့်သွားနေကြခိုက် သားနားမွန်ရည်သော ယောကျ်ားပျို ဧည့်သည်တစ်ယောက်ရောက်လာရာ ထိုအချိန်တွင် ဆေးပညာသင် လုလင်ပျိုများလည်း အိပ်သူက အိပ်၊ ဖိုထိုးသူက ထိုးနှင့် စိုးမင်းတစ်ယောက်သာ ဧည့်ခန်းတွင်ရှိနေသဖြင့် သွားရောက် ဧည့်ခံရလေ၏။ ဧည့်သည်ယောကျ်ားမှာ စိုးမင်းနှင့် မတိမ်းမယိမ်း စိုးမင်းထက် အနည်းငယ်မျှသာ ကြီးပုံရ၍ အသက်အစိတ်ကျော် ၃၀ နီးပါးမျှသာ ရှိပုံရပေ၏။ အသားဖြူဖြူ၊ လူရည်သန့်သန့်။ ရုတ်တရက်အားဖြင့်ကြည့်လျှင် ခံ့ညားသယောင် ထင်ရသော်လည်း သေချာစွာ အနီးကပ်ကြည့်သောအခါ မျက်နှာမှာ ပေါ်လွင်ခြင်းမရှိ။ မဲ့ခွက်ခွက်နှင့် ကျက်သရေ ကင်းမဲ့သော ရုပ်လက္ခဏာအသွင်မျိုးဖြစ်လေ၏။ ဟန်ပန်အနေအထားအားဖြင့်ကား “ဇမ္ဗူတလူ ငါလိုလူမရှိ”ဆိုသော အမူအရာမျိုးနှင့် မာနတုံးမာနခဲ ဝမ်းထဲ၌ ရှိနေကြောင်းအပြင်ဘက် ရုပ်လက္ခဏာတွင် အထင်အရှား ပေါ်လွင်နေလေ၏။ စိုးမင်းလည်း ထိုသူ၏ အမူအရာကို ကြည့်ရှုအကဲခတ်၍ လေးစား ကိုင်းညွတ်သော အမူအရာ မျက်နှာထားမျိုးနှင့် နေရာထိုင်ခင်း ပေးကာ–

mgyoe.com

mgyoe.com


"ဘာအလိုရှိပါသလဲ ခင်ဗျာ"ဟု ရှိသေစွာ မေးလိုက်ရာ-

"သမားတော်ကြီး ဘယ်သွားသလဲဟေ့"ဟု ထိုသူက ပြန်လှန်မေးလိုက်လေ၏။ စိုးမင်းမှာ 'ဟေ့'ဟူသော အသံနှင့် မချေမငံ အထက်သံ လွှတ်ကာ မေးလိုက်သည်ကို ကြားရသည်နှင့်တစ်ပြိုင်နက် ရုတ်တရက် ထိပ်ကို မြွေဟောက်ပေါက်လိုက်သကဲ့သို့ ဒိတ်ခနဲဖြစ်ပြီး သတိလစ်ကာ ထင်ရာပြောဆို ပြုမူလိုက်ရန်ကြံပြီးမှ ဖြုန်းခနဲ သတိကိုထိန်းချုပ်၍ သမားတော်ကြီး မျက်နှာထောက်ကာ ဣန္ဒြေလုပ်ပြီး ခပ်မှန်မှန်သံမှန်လေဖြတ်နှင့်...

"ဥပုသ်စောင့်သွားတယ်"ဟု ပြောလိုက်လေ၏။

"ဘယ်ကို သွားတာလဲ"

"ရွှေစေတီတိုက်"

"မင်းတို့ကို ဘာမှ မှာမပစ်ခဲ့ဘူးလား"

"မမှာဘူး"

"သမားတော်ကြီး နက်ဖြန်ခါ ဒီအချိန်လောက်ရှိမလား၊ ဘယ်များသွားစရာရှိသေးလဲ"

"မသိဘူး"

ဧည့်သည်ယောက်ျားသည် စိုးမင်းပြောဆိုပုံကို အတော်ပင်မကျေနပ်သည့် အမူအရာမျိုးဖြစ်သွားကာ စိုးမင်းအား ဝါးစားမတတ် မျက်နှာထားမျိုးနှင့် ကြည့်ပြီး

"မင်းက ကျေးတောက ခုမှရောက်လာတဲ့ ဧည့်သည် ထင်တယ်"

"ဧည့်သည်ဖြစ်ရင် ဘာလုပ်ချင်လို့လဲ"

"ဘာမှမလုပ်ချင်ပါဘူး၊ မင်းပြောပုံ ဆိုပုံက ယဉ်ယဉ်ကျေးကျေးမရှိလို့ မေးတာပါ၊ နေပြည်တော်မှာနေရင် ဒီလိုမပြောရဘူး၊ ဒူးနေရာဒူး၊ တော်နေရာတော် ဆိုသလို နားလည်ရတယ်"

mgyoe.com

mgyoe.com


စိုးမင်းမှာ အရင်ဟာထက် နောက်ဟာဆိုး တိုးသာချလိုက် ဆိုသကဲ့သို့ အလွန်အကျွံ ဒေါသဖြစ်သွားသော်လည်း စိတ်ကို ထိန်းနိုင်သမျှ ထိန်း၊ ချုပ်နိုင်သမျှ ချုပ်၍။

"အောင်မယ်… ခင်ဗျားကပဲ ဒီလိုပြောရတယ် ရှိသေးလား၊ ကိုယ်ရိုင်းတာတော့ ကိုယ်မကြည့်ဘူး။ တစ်ဖက်သားလူစိမ်းကို ဟေ့တွေ၊ ကွယ်တွေ၊ မင်းတွေနဲ့ ပြောချင်တိုင်းပြောပြီး ပုဆိုး မပါတဲ့လူက လုံအောင်ထိုင် ပြောသလို ပြောင်းပြန် မပြောပါနဲ့"

ညွှန့်သည်ယောက်ျားသည် စိတ်ကို ပိုမိုထိခိုက်လာဟန် လက္ခဏာဖြင့်…

"ဟေ့… မင်း ငါ့ကို ဘယ်လိုလူစားဆိုတာ သိရဲ့လား"

'မသိဘူး"

"ဒါဖြင့် သိအောင် မေးကြည့်ဦး"

"သိလည်း မသိချင်ဘူး၊ အရေးလည်း မစိုက်ဘူး"

"ဟေ့ကောင်၊ မင်း ငါ့ကို ဘာထင်လို့လဲ"ဟု ဆိုကာ ဖြုန်းခနဲ ထိုင်ရာမှထပြီး စိုးမင်း၏ပါးကို တအားရိုက်လိုက်ရာ စိုးမင်းမှာ သေနင်္ဂဗျူဟာ စစ်ပညာ၏အခြေခံဖြစ်သော လက်ဝှေ့လက်ပန်း သိုင်းအတတ်ပညာများကိုသာ မသင်ကြားခဲ့ဖူးပါမူ ပါးကွဲသွားလောက်ပေ၏။ စိုးမင်းသည် လေ၏လျင်ခြင်းကဲ့သို့ လျင်မြန်စွာ ရှောင်တိမ်းလိုက်ပြီးလျှင် ညွှန့်သည်ယောက်ျား၏ လက်နှစ်ဖက်ကို မိမိလက်နှစ်ဖက်ဖြင့် ဖမ်းဆွဲ၍ သံညှပ်နှင့် ညှပ်ဘိသကဲ့သို့ တင်းကျပ်စွာဆုပ်ကိုင်ပြီး…

"နင်က ငါ့ကို ဘာမှတ်နေသလဲ၊ ခွေးမသား လူကို စော်ကား မော်ကားနဲ့"ဟု ပြော၍ ပြောပြောဆိုဆို ရင်ဝကို ဒူးနှင့်ခုန်၍တိုက်ရန် ဟန်ပြင်လိုက်စဉ် "ဟေ့… ဟေ့…မောင်စိုးမင်း…"ဟူသော သမားတော်ကြီး ဆရာအောင်၏ အသံနှင့်တကွ အိမ်ထဲ၌အိပ်နေကြသော ဆေး

mgyoe.com

mgyoe.com


ပညာသင် လုလင်ပျိုတစ်စုတို့ပါ ရောက်လာကာ စိုးမင်းအား ဝိုင်းဝန်းဆွဲယူလိုက်ကြသဖြင့် ဒူးနှင့်မတိုက်ဖြစ်ဘဲ ရန်ပွဲ အဆုံးသတ်သွားရလေ၏။

''ဘယ်လိုဖြစ်ကြတာလဲကွယ်တို့''ဟု သမားတော်ကြီးက မေးလိုက်ရာ စိုးမင်းက ညှော်သည်ယောက်ျားရောက်လာ၍ မိမိက တရိုတသေလေးစားစွာ နေရာပေးပြီး ညှော်ဝတ်ကျေပွန်စွာ ရိုရိုသေသေ ဆက်ဆံပြောဆိုပုံမှ စပြီး ဖြစ်ရပုံ အလုံးစုံကို မှန်သည့်အတိုင်း တစ်လုံးမကျန်ပြန်လှန်အစီရင်ခံလိုက်လေ၏။ သမားတော်ကြီးက ခေါင်းတညိတ်ညိတ်နှင့် နားထောင်ပြီး ညှော်သည်ယောက်ျားဘက် လှည့်ကာ…

''မောင်မောင်စု သည်းခံပါ၊ သူ့အစား ဆရာက တောင်းပန်ပါတယ်၊ သူက (စိုးမင်းကို မေးငေါ့ပြကာ) အောက်ပြည် အောက်ရွာက မကြာခင်ကမှ ရောက်လာတဲ့ ဆေးပညာသင် ဖြစ်တယ်။ မောင်မောင်စုအကြောင်းကို မသိလို့ ဒီလိုဖြစ်ရတာပဲ။ သိရင် မဖြစ်ပါဘူး''ဟု ပြောပြီး စိုးမင်းဘက် လှည့်ကာ…

''ဒါက တခြားမဟုတ်ဘူး တပည့်ရဲ့၊ လွှတ်တော်က စာရေးတော်ကြီး 'နေမျိုးသီရိ ရာဇကျော်ထင်'ဘွဲ့ခံ မောင်မောင်စု ဆိုတာ''ဟု ပြောလိုက်လေ၏။

လွှတ်တော် စာရေးတော်ကြီး ဆိုသည်ကား ရွှေတိုက်စာရင်းဝင်လွှတ်တော်အရာရှိ ဖြစ်၍ အစီးအနင်း အဆောင်အယောင် အခမ်းအနားရရှိသူ ဘုရားထူးခံ အရာရှိဖြစ်၏။ တစ်နိုင်ငံလုံးတွင် လွှတ်တော်စာရေးတော်ကြီး လေးယောက်သာ ရှိ၏။

စိုးမင်းက စာရေးတော်ကြီး မောင်မောင်စု ဘက်သို့ လှည့်ကာ ရိုသေကိုင်းရှိုင်းသော အမူအရာဖြင့်…

''မသိလို့ ဖြစ်ရတာ သည်းခံပါ စာရေးတော်ကြီးမင်းရယ်၊

mgyoe.com

mgyoe.com


ကျွန်တော်ကပဲ တောင်းပန်ပါတယ်''ဟု ပြောလိုက်မှ စာရေးတော်ကြီး မောင်မောင်စု ရှက်သွေးကြောင့် မျက်နှာများ နီနေရာမှ အနည်းငယ် သက်သာရာရကာ အရှက်ပြေသလို ဖြစ်သွားပြီး၊

''ဒီလိုမသိလို့ ဖြစ်ရတာ၊ သည်းခံနိုင်ပါတယ်။ အဲ... သိလျက်သားနဲ့ တမင်ပြောဆို ပြုမူတယ်ဆိုရင်တော့ ဒုက္ခပေါ့၊ ကျူပ်ကလည်း ကျူပ်ပဲ၊ ခါတိုင်းဆိုရင် ဆောင်ယောင်ခမ်းနားနဲ့ သွားလာလေ့ ရှိတယ်။ အနည်းဆုံး နောက်လိုက်တစ်ယောက် ပါလေ့ရှိတယ်။ ဒီတစ်ခါ ဥပုသ်နေ့ ဆိုပြီး လွတ်လွတ်လပ်လပ် အရပ်သားလို လုပ်ထွက်လာခဲ့တာကိုး''ဟု ပြောလိုက်လေ၏။ ထို့နောက် သမားတော်ကြီးက မောင်မောင်စုအတွက် အားနာမိကြောင်း တောင်းပန်စကားပြောကြား၍ မောင်မောင်စုကလည်း ဒီလိုဖြစ်ရသည့်အတွက် သမားတော်ကြီးကို အားနာမိကြောင်း အပြန်အလှန် ပြောဆိုကာ လာရောက်သော ကိစ္စအတွက် မေးမြန်း ပြောဆိုပြီး ပြန်သွားလေ၏။ စာရေးတော်ကြီး မောင်မောင်စု ပြန်သွားပြီးနောက် သမားတော်ကြီး ဆရာအောင်က စိုးမင်းကို ခေါ်၍...

''အောင်မယ်လေးဟဲ့၊ ငါ့တပည့်၊ ဘယ်လိုလုပ်လိုက်တာလဲ၊ ရာဇဝတ်အိုးကို တုတ်နဲ့ ထိုးလိုက်တာ၊ ကံကောင်းလို့ လက်မတင်ကလေးလိုတော့တယ်။ ဆရာသာမရောက်ရင် မင့်တစ်ကိုယ်လုံး ရာဇဝတ်မီးခိုးဖုံးသွားမယ်''ဟု ပြောလိုက်ရာ စိုးမင်းက အားတုံ့အားနာ အမူအရာမျိုးနှင့်။

''ကျွန်တော်လည်း သတိထားတာပဲ ဆရာ၊ သူ စာရေးတော်ကြီးဆိုတာလည်း မသိ၊ သူ ပြောပုံဆိုပုံတွေကလည်း သိပ်ပြီးရင့်ရင့်သီးသီးနဲ့ တင်စီးလွန်းအားကြီးလာလို့...''

''စာရေးတော်ကြီးတင်မကဘူး မောင်၊ စလင်းမင်းသားကြီး ကိုအိုရဲ့ အတွင်းလူ ကျွန်ယုံတော် ရဲဘော်တစ်ယောက် ဖြစ်နေလို့ ခုအချိန်မှာ

mgyoe.com

mgyoe.com


မဟာသွေးလောက် သွေးမြောက်နေတာ၊ သူ့မိဘကလည်း သဘော်ကုန်သည်နဲ့ ပွဲစားကြီးဖြစ်နေလို့ မင်းညီမင်းသား မဟာမျိုးတွေ မက်မောတဲ့ သဘော်ကုန်ပစ္စည်းတွေ ဖောဖောသီသီ လက်ဆောင်ထိုးနိုင်တော့ သိပ်မျက်နှာရှိနေတာပ။ စလင်းတွင်မကဘူး၊ တခြား မင်းညီမင်းသား မဟာမျိုး မဟာနွယ်တွေဆီမှာလည်း မျက်နှာရှိတာပဲ။ အေး... သာယာဝတီကိုယ်တော်ကြီးနဲ့ ညောင်ရမ်းကိုယ်တော်တို့ဆီတော့ မကပ်နိုင်ဘူး၊ သူတို့ဇာတိက မင်းတို့လို အောက်ပြည်အောက်ရွာကပဲ ရန်ကုန်ကလား၊ ပဲခူးကလား မသိဘူး"

သဘော်ကုန်သည် ဆိုသည်ကား နိုင်ငံခြားမှလာသော သဘော်များတွင် ပါလာသည့် နိုင်ငံခြားကုန်များကို ရောင်းဝယ်သူကို ဆိုလို၏။ နိုင်ငံခြားကုန်များကို သဘော်နှင့်ယူဆောင်လာသဖြင့် သဘော်ကုန်ဟု ခေါ်ကြ၏။ ထိုစဉ်အခါ မြန်မာတို့က အနောက်တစ်လွှား ဥရောပတိုက်မှ တိုင်းပြည်များကို သဘော်ပြည်ဟု ခေါ်လေ့ရှိကြ၏။ အကြောင်းမူကား သဘော်နှင့် သွားရသောကြောင့်တည်း။ အနောက်နိုင်ငံသား ကုလားဖြူများကိုလည်း သဘော်နှင့်လာသူများ ဖြစ်ကြ၍ မြန်မာအချို့က သဘော်သားဟု ခေါ်ကြသေး၏။ သဘော်သီးဟူသည် အစပထမ၌ အနောက်နိုင်ငံမှ သဘော်နှင့်ပါလာသော အသီးဖြစ်၍ သဘော်သီးဟု ခေါ်ခြင်းဖြစ်၏။ ထို့အတူ သဘော်၊ မာလကာ၊ သဘော်ရှားဖြူ စသည်ဖြင့် ခေါ်ကြသော အသီးတို့မှာလည်း ပထမက နိုင်ငံခြားမှသဘော်နှင့် ပါလာသော အသီးများဖြစ်၍ သဘော်ဟူသော အမည်နှင့် တွဲဖက်ခေါ်ထားခြင်း ဖြစ်၏။ မောင်မောင်စု၏မိဘဖြစ်သူ ဦးမိုးနှင့် ဒေါ်ပုကား မွန်အမျိုးအနွယ် ဖြစ်၍ ယခင်က ရန်ကုန်တွင် နေ၏။ ပိတ်အုပ်၊ သရက်ထည်အုပ်၊ သက္ကလတ်အုပ်၊ မာဒရဖက်ခေါ် ခါသာအုပ် စသော အထည်အလိပ်များနှင့် လေးထောင့်, ခြောက်ထောင့်, ရှစ်ထောင့်, မီးအိမ်၊ မှန်ကြီး၊

mgyoe.com

mgyoe.com


မှန်လပ်၊ မှန်ဝိုင်း၊ ကြွေပန်းကန် စသော သဘော်ာကုန်များကို အရောင်း အဝယ်လည်းလုပ်၊ ပွဲစားလည်း လုပ်၍ စီးပွား ဖြစ်ထွန်းကာ လွန်ခဲ့သော ခုနစ်နှစ်ခန့်ကမှ အမရပူရ ရွှေမြို့တော်သို့ ပြောင်းရွှေ့လာခဲ့ရာ အမရပူရမှ အင်းဝသို့ နေပြည်တော် ရွှေ့အလာတွင် ၎င်းတို့လည်း ရွှေ့ပြောင်း လိုက်ပါလာခဲ့ခြင်း ဖြစ်ပေ၏။

[မှတ်ချက်။ ။ မာဒရဖက်ခေါ် ခါသာအုပ် ဆိုသည်ကား ခေါင်း ပေါင်းသော ပဝါအကြမ်းစားဖြစ်၏။ အရောင်မှာ ပြာသောအဆင်းတစ်မျိုး တည်းသာ ရှိ၏]

စိုးမင်းက အံ့အားသင့်သော မျက်နှာမျိုးနှင့်–

"ဩော်... သူက စလင်းရဲ့လူကိုး" ဟု ဆိုလိုက်လေ၏။

"ဟုတ်တယ်၊ စလင်းလူမှ တော်တော် အတွင်းကျတဲ့ လူပေါ့"

"နေပါဦး ဆရာ၊ စလင်းက မင်းညီမင်းသားလည်း အစစ်မဟုတ် ဘဲနှင့် တယ်ပြီး တန်ခိုးကြီးနေပါလား" ဟု ပြောလိုက်ရာ...

"ကြမ်းကြား လေကြားတဲ့။ မင့်စကားကို တခြားမရောက်စေနဲ့၊ ရာဇဝတ်မလွတ်ဘူး။ ခုအချိန်မှာ မင်းညီမင်းသားတွေထက် တန်ခိုးကြီး နေတယ်မောင်၊ သားတော်ရင်း ညောင်ရမ်းမင်းသားနဲ့ ညီတော်ရင်း သာယာဝတီမင်းသားကြီးထက်တောင် တချို့နေရာမှာ တန်ခိုးသာနေ တယ်၊ လွှတ်တော်တက်ပြီး နိုင်ငံတော်တစ်ခုလုံးကို စီရင်ပိုင်ခွင့်ရှိတဲ့ 'လွှတ်တက်မင်းသားကြီး' ခန့်ထားတယ်။ ဒါ့ကြောင့် ခုအချိန်မှာ တိုင်းပြည် တစ်ခုလုံးဟာ စလင်းလက်ထဲမှာရှိတယ်။ အိမ်ရှေ့မင်းလောက်နီးနီး တန်ခိုးကြီးနေတာပ၊ အရှင်နန်းမတော်ဘုရားက သူ့မောင်တော်ကို သိပ် မြှောက်စားနေတာကိုး"

စိုးမင်းက ဆရာအောင် ရှေ့သို့ တိုးကာ လေသံကိုနှိမ့်၍ "တချို့က ပြောတော့ အရှင်နန်းမတော်ဘုရားနဲ့ စလင်းဟာ မောင်နှမဆိုပေမယ့်"

mgyoe.com


ဆရာအောင်က လက်ဝါးပြကာ…

"တန်… တန် ဒီတွင်ရပ်လိုက်၊ တစ်မျိုးလုံး ရာဇဝတ်မီးခိုး ဖုံးသွားမယ်"ဟု ဟန့်လိုက်ပြီးလျှင် အသံကို နှိမ့်၍…

"မင်းမေးတာ ငါသိပါတယ်၊ ဒါကတော့ မဟုတ်ပါဘူး။ မောင်နှမအရင်းခေါက်ခေါက် ဖြစ်တယ်။ အရှင်နန်းမတော်ဘုရားက သူ့မောင်တော်ကို အရေးပေးလွန်း မြှောက်စားလွန်းကြီးလို့ တချို့သူတွေက အမြင်ကတ်ပြီး မဟုတ်မဟတ်ပြောနေကြတာ။ သူတို့ပြောတိုင်းသာ မှန်ရင် ရွှေနန်းရှင်က ဘယ်မှာ အရှင်ထားလိမ့်မလဲ၊ သုတ်သင်ပစ်လိုက်မှာပေါ့၊ ကဲ… ကဲ မင်းတို့ရန်ပွဲကြောင့် ငါ့ဥပုသ်တောင် ဗရုတ်သုတ်ခဖြစ်သွားပြီ"ဟု ပြောကာ ပုတီးကိုဆွဲကိုင်လိုက်သဖြင့် စိုးမင်းလည်း အလိုက်သိစွာ ထလာခဲ့လေ၏။ စိုးမင်းသည် မိမိနေရာအခန်းတွင်းသို့ ပြန်လာခဲ့ရာ ရွှေဝင်းနှင့်တကွ ဆေးပညာသင် လုလင်ပျိုတစ်စု အခန်းထဲ၌ ရောက်နေနှင့်သည်ကို တွေ့ရလေ၏။

"ဒီကနေ့ ကိုစိုးမင်းကိုချီးကျူးတဲ့ မင်္ဂလာပွဲလုပ်ရအောင် ကျွန်တော်တို့ စိုင်းပြင်းနေကြတယ်"ဟု တစ်ယောက်ကပြောလိုက်ရာ စိုးမင်းက…

"ဘာမင်္ဂလာလဲဗျာ၊ အဆင်းတွန်းချတဲ့ မင်္ဂလာလား"ဟု ပြန်မေးလိုက်လေ၏။

"အဟုတ်ပါပဲဗျာ၊ ကျွန်တော်တို့က ဆရာ့ရှေ့မို့သာ မတော်လှလို့ ဆွဲထားလိုက်ရတာ။ ရင်ဝကို ဒူးနဲ့ခုန်ပြီး တိုက်လိုက်မိရင် ဘယ်လောက်ကောင်းမလဲ၊ သိပ်လူဝါးဝတဲ့ လူ၊ မာနကြီးတစ်ခွဲသားနဲ့ သူတစ်ပါးကို သိပ်စော်ကားတာ"

"မလုပ်နဲ့ ကိုရင်တို့၊ ဆရာက ပြောတယ်၊ ခုကိစ္စမှာ ဆရာသာ မရောက်လာရင် ရာဇဝတ်မီးခိုး ဖုံးသွားမယ်တဲ့"

"ဘာဖြစ်လို့ ရာဇဝတ်မီးခိုး ဖုံးရမှာလဲဗျာ၊ မဆိုင်လိုက်တာ၊ သူ့

mgyoe.com

mgyoe.com


စော်ကားတိုင်း ခံနေရမှာတဲ့လား၊ မစိုးရိမ်ပါနဲ့ ကိုစိုးမင်းရာ၊ ကျွန်တော့် ဖေဖေတစ်ယောက်လုံး ရှိပါသေးတယ်''ဟု ရွှေဝင်းက ပြောလိုက်ရာ လုလင်ပျို တစ်ယောက်ကလည်း-

''သူက ဘာမို့လို့လဲဗျာ၊ စလင်းလူ ဆိုပြီး ရမ်းလို့ ဘာရမလဲ၊ ကျွန်တော်တို့ဦးလေးလည်း သာယာဝတီ ကိုယ်တော်ကြီးဆီမှာ ခစားနေတဲ့ ကျွန်ယုံတော်တစ်ယောက်ပါ၊ အရေးရှိရင် အကူအညီ ပေးနိုင်ပါတယ်''

ဤကဲ့သို့ တစ်ယောက်တစ်ပေါက် ပြောနေကြစဉ် အဆောင်ပေါ်သို့ ပုတီးစိပ်ရင်း သမားတော်ကြီးတက်လာသဖြင့် ပြောနေသောစကားများကို ရပ်ကာ အခြားစကားများ လွှဲပြောင်း ပြောဆိုနေကြလေ၏။

*

mgyoe.com

mgyoe.com

# (၄)

တစ်နေ့သော ညနေခင်းတွင် စိုးမင်းနှင့် ရွှေဝင်းသည် ရွှေမြို့တော် မြောက်မျက်နှာ ဧရာဝတီမြစ်ကမ်းနံဘေး၌ စကြံ့ယူရင်း စစ်ကိုင်းတောင်ကြီးဆီသို့ လှမ်းမျှော်ကြည့်ရှုကာ စကားတပြောပြောနှင့် ဘယ်ပြန်ညာပြန် လမ်းသလားနေကြလေ၏။

[မှတ်ချက်။ ။ အင်းဝရွှေမြို့တော်မှာ ယခုလက်ရှိ မန္တလေးမြို့ကဲ့သို့ လေးထောင့်စပ်စပ် မဟုတ်ချေ။ မြောက်ဘက်တွင်ကျဉ်း၍ တောင်ဘက်တွင်ကား ပြန့်ပြီး သုံးထောင့်ချိုးပုံသဏ္ဌာန်ကဲ့သို့ဖြစ်နေ၏။ သို့ဖြစ်၍ အင်းဝမြို့တော်ပုံစံကို ခြသေ့ံထိုင်နေသည့်ပုံနှင့် သဏ္ဌာန်တူသည်ဟု သမိုင်းဆရာအချို့က နှိုင်းခိုင်းကြ၏။ ကျုံးမှာလည်း မန္တလေးကဲ့သို့ လေးဖက်မရှိ၊ တောင်ဘက်နှင့်အရှေ့ဘက်၊ အနောက်ဘက်တို့၌သာရှိ၏။ မြောက်ဘက်တွင် ကျုံးအထူးမရှိ။ ဧရာဝတီမြစ်သည်ပင်လျှင် ကျုံးဖြစ်တော့၏။

ရွှေမြို့တော်သူ ရွှေမြို့တော်သားတို့သည် နံနက်ခင်း ညနေခင်းတို့၌ မြောက်ဘက်မြို့ရိုးကြီး၏ အပြင်ဘက် ဧရာဝတီမြစ်ကမ်းနံဘေး၌ အေးအေးလူလူ စကြံ့ယူရင်း မြစ်တွင်းက လေညင်းကို ခံကာ လာရောက် အပန်းဖြေလေ့ရှိကြ၏။

mgyoe.com

mgyoe.com



"ကိုရွှေဝင်း ဒီအင်းဝမြို့တော်ကြီး တည်နေပုံဟာ တော်တော်အချိုး ကျတယ်နော်။ မြို့တော်ကို မြစ်တွေကဝိုင်းပြီး စစ်ကိုင်းတောင်တန်းကြီးက လည်း တံတိုင်းကာသလို ကာထားတယ်။ ရေမြေအနေအထားနဲ့ ရှုမျှော် ခင်းကလည်း တော်တော်ကို ဟန်ကျတယ်"

"ဒါကြောင့် ရွှေနန်းရှင်က အမရပူရကနေပြီး ဒီအင်းဝကို နေပြည် တော် ပြန်ရွှေ့တာပေါ့ဗျာ"

ထိုသို့ပြောနေစဉ် စိုးမင်းတို့နှင့် သုံးလံကွာလောက်တွင် မိသားစု ဖြစ်ဟန်ရှိသော လူတစ်စုထွက်လာ၍ ၎င်းတို့လည်း မတ်တတ်ရပ်ရင်း စစ်ကိုင်းဘက်ဆီသို့ လှမ်းမျှော်ကြည့်ရှုကာ စကားတပြောပြောနှင့် လေ ညင်းခံနေကြလေ၏။ စိုးမင်းနှင့် ရွှေဝင်းသည် ပြောနေသော စကားကို ရပ်တန့်ကာ ထိုလူစုဆီသို့ လှမ်းမျှော်ကြည့်လိုက်ကြရာ အသက် ၅၀ ခန့်ရှိသော ယောကျ်ားကြီးတစ်ယောက်နှင့် မိန်းမကြီးတစ်ယောက်၊ ၁၈ နှစ် ၁၉ နှစ်ခန့် ထင်ရသော မိန်းမပျိုတစ်ယောက်၊ ပေါင်း သုံးယောက် ဖြစ်လေ၏။ မိန်းမပျိုမှာ ရုပ်ရည်ပသာဒ အတော်ပင် လှပ၍ နန်းတော်သုံး 'တော်ကြိုက်' မကိုင်ဖူး ဆိုလောက်အောင် တောက်ပြောင်သော ကိုယ် ရောင်ကိုယ်ဝါနှင့် အသားဝါမျက်လုံးကောင်း၊ မျက်ခုံးကောင်း၊ နှာတံပေါ် ဖြစ်လေ၏။ ထိုမိန်းမပျို၏ တစ်ကိုယ်လုံးကို အတိုချုံး၍ အလှဆုံးဖြစ် သော အချက်များ ဖော်ပြရလျှင် ယန္တရားစက်ကဲ့သို့ လှည့်လိုက်တိုင်း လည်လျက်ရှိသော မျက်လုံး၊ ရွှေအဆင်းပမာ ဝင်းဝါသော အသားနှင့် ရှုလေ ကြည့်လေ ကျက်သရေရှိသော မျက်နှာအနေအထားများ ဖြစ်လေ ၏။ ကိုယ်နေကိုယ်ဟန် ကြော့ရှင်း၍ မျက်နှာမှာ ဝိုင်းစက်စက်နှင့် မက်မောစဖွယ် နှစ်သက် ခင်တွယ်ဖို့ ကောင်းလှပေ၏။ စိုးမင်းသည် မသိမသာနှင့် မိန်းမပျိုကို သေချာစွာ အကဲခတ်ကြည့်ရှုလိုက်ရာ ရင်ထဲ တွင် တလှပ်လှပ်ဖြစ်၍ မရပ်မတည်နိုင်အောင် တုန်လှုပ်ချောက်ချား

mgyoe.com

mgyoe.com



သွားလေ၏။ မိန်းမပျိုကား စိုးမင်းတို့ဘက်သို့ မလှည့်မကြည့်ဘဲ မြစ်ဘက်သို့သာ အာရုံစိုက်ပြီး မိမိတို့အချင်းချင်း ရှုမျှော်ခင်းသာယာပုံကို ပြောဆိုနေလေ၏။ မိန်းမပျိုသာ မဟုတ်၊ အတူပါလာသူ ယောကျ်ားကြီးနှင့် မိန်းမကြီး နှစ်ဦးလုံးပင် စိုးမင်းတို့ဘက်သို့ မလှည့်မကြည့်ဘဲ မြစ်ရေကိုသာ စူးစိုက်ပြီး ကြည့်ရှုပြောဆိုနေကြလေ၏။ ရွှေဝင်းကား သာမညသာ ကြည့်ရှုပြီး ဘာသာလဝါသဘောနှင့် မိမိတို့ပြောမြဲအတိုင်း ဆက်လက်ပြောဆိုနေလေ၏။ ညနေဆည်းဆာ ဝင်းဝါဖျော့တော့၍ ဝင်တော့မည်ဖြစ်သော နေမင်း၏နောက်ဆုံးသော ရောင်ခြည်နေရီရီအချိန်သည်ကား နဂိုက မလှသောသူများကိုပင် လှပအောင် ထင်ယောင်ထင်မှား ဖြစ်စေနိုင်၏။ နဂိုလှ၍ သဘာဝက ပသာဒ ရှိနေသူများအတွက်မူ အတိုင်းထက်အလွန် တံခွန်နှင့်ကုက္ကား ဆိုသကဲ့သို့ အလှတကာတို့၏ သမ္မတရာဇာဆိုလောက်အောင် ပို့ဆောင်လျက်ရှိရာ အဆိုပါ မိန်းမပျိုမှာ ပင်ကိုချောဖြစ်၍ ကြည့်လေရှုလေ မက်မပြေအောင် ကျက်သရေဆောင်လျက်ရှိသောကြောင့် စိုးမင်းမှာ တစ်သက်တွင် တစ်ခါမျှမဖြစ်ဖူးသော အချစ်စိတ်မျိုးဖြစ်၍ ငါးရံ့ပြာလူး ထွန့်ထွန့်လူး ဖြစ်သွားလေ၏။ နေမင်းသည် အနောက်ဘက်ကောင်းကင်၌ မေးတင်လျက်ရှိရာမှ မကြာမြင့်မီပင် မိမိ၏ ရောင်ခြည်များကို အလုံးစုံ ရုပ်သိမ်းရန် ဟန်ပြင်နေရာ မြစ်ကမ်းနံဘေးတွင် အေးအေးလူလူ စင်္ကြံယူနေသူ လေညင်းခံနေသူတို့သည် တဖြည်းဖြည်းနှင့် တအေးအေး မြစ်ကမ်းနံဘေးမှ ရွှေမြို့တော်တွင်းသို့ ပြန်ဝင်လျက်ရှိကြလေ၏။ စိုးမင်းတို့ နံဘေးရှိ မိသားစုသုံးယောက်လည်း မြို့ရိုးကြီးအတိုင်း အရှေ့မှအနောက်သို့ လျှောက်သွားကြလေ၏။ စိုးမင်းနှင့် ရွှေဝင်းလည်း ၎င်းတို့ သွားပြီး မကြာမီပင် မြို့တော်တွင်းသို့ ပြန်လာကြရာ စိုးမင်းက မအောင့်နိုင်တော့ဘဲ–

"ကိုရွှေဝင်း ခုတင်က ကျွန်တော်တို့နံဘေး လာရပ်နေတဲ့သူတွေ

mgyoe.com

mgyoe.com


ဟာ ဘယ်ဆီကလဲဗျာ၊ မသိဘူးလား''

''မသိဘူးဗျ၊ တစ်ခါမှ မြင်ဖူးတယ် မထင်ဘူး၊ မဒီကလေးကို မြင်လို့ ခင်ဗျားက ရစ်ချင်သလား''

''ရစ်ချင်တယ်လို့တော့ မဟုတ်ပါဘူးဗျာ၊ သူ ရပ်နေပုံက ခန့်ခန့်ညားညားနဲ့ ကျက်သရေရှိပြီး လှလွန်းလို့ မဟာမျိုးမဟာနွယ်ထဲက ဖြစ်လေသလားလို့ သိချင်လို့ပါ''

''ရုပ်လှတိုင်း မဟာနွယ် ဖြစ်ရမှာလားဗျ၊ မဟာနွယ် မဟုတ်ဘဲနဲ့ ရုပ်ချောတာတွေ ပြည့်လို့ပေါ့''

''ကိုရွှေဝင်း၊ သူတို့နောက်လိုက်ပြီး တစေ့တစောင်း ချောင်းကြည့်ရအောင်ဗျာ၊ ဘယ်ဆီကလဲလို့''

ရွှေဝင်းက ပြုံးရယ်ကာ…

''ဟာ… ခင်ဗျား သိပ်စွဲနေပြီ ထင်တယ်၊ ခုတင်ကတော့ မပြောဘူး၊ အခုဆို ဘယ်မီတော့မလဲ''

စိုးမင်းက မရယ်မပြုံးဘဲ အတည်ပေါက်မျက်နှာထားနှင့် ''လာပါဗျာ၊ မီလိုမီငြားပေါ့''ဟု ပြောကာ ရွှေဝင်းလက်ဆွဲပြီး မြို့ရိုးကြီးအခြေက ကပ်၍ အရှေ့မှ အနောက်သို့ ၎င်းတို့သွားသောလမ်းအတိုင်း လိုက်သွားကြလေ၏။ မြစ်ကမ်းနံဘေးမှ လေညင်းခံပြီး ပြန်သွားကြသော မြို့သူမြို့သားတို့မှာ ထိုအချိန်တွင် တစ်ယောက်မကျန် ပြန်နေကြပြီဖြစ်၍ လမ်းပေါ်တွင် ပြည့်ကျပ်နေရကား စိုးမင်းနှင့် ရွှေဝင်းမှာ လူပုံကြားတွင် မိမိတို့ တွေ့လိုသော မိသားစုသုံးယောက်ကို ရှာဖွေမရတော့ဘဲ နေလုံးပျောက်၍ မှောင်စလည်းပြုလာပြီ ဖြစ်သောကြောင့် ဆက်လက်မလိုက်တော့ဘဲ အိမ်သို့ ပြန်လာခဲ့ကြလေ၏။ လမ်းတွင် ရွှေဝင်းက မိမိလည်း သတိထားကြည့်မိကြောင်း၊ အချိုးအစား အဆစ် အပေါက် ကျနရ၍ အတော်ပင် လှပသည်ကို တွေ့ရကြောင်း၊ သို့သော် ဤကဲ့သို့ လှပသူမျိုး

mgyoe.com

mgyoe.com


ရွှေမြို့တော်ပေါ်တွင် အများအပြားပင် ရှိကြောင်း ပြောပြရာ စိုးမင်းက ရွှေဝင်းပြောပုံ သဘောမကျနိုင်သော မျက်နှာထားမျိုးနှင့်…

"အများအပြားရှိတယ်သာ ပြောတယ်…၊ ရွှေမြို့တော်ပေါ် ရောက်ကတည်းက နေ့စဉ်ရက်ခြားဆိုသလို တစ်မြို့လုံးအနှံ့ သွားလာ လည်ပတ်နေတာပဲ၊ ဒါမျိုး တစ်ခါမှ မတွေ့ဖူးသေးဘူး"ဟု ပြောလိုက်လေ၏။

"ဒါကတော့ ခင်ဗျားအမြင်နဲ့ စွဲလုံးသန်နေတာကိုဗျ၊ ဒီ့ပြင် လှတာတွေ မြင်ပေမဲ့ ခင်ဗျားစိတ်က မစွဲလမ်းတော့ မလှဘူးထင်နေတာပေါ့"

"ကျွန်တော့်စိတ်က စွဲလမ်းလို့သာ မဟုတ်ပါဘူး။ ခင်ဗျားလည်း အမြင်ရသားပဲ။ အချိုးအစားကျပုံက တော်တော်ကိုပဲ အဆင်ပြေတယ်။ လည်တိုင်က ရှင်းပြီး မျက်နှာနေပုံက ဝိုင်းဝိုင်းစက်စက်၊ ကိုယ်နေပုံကလည်း ခါးကသေးသေး၊ တင်ကကျယ်ကျယ်၊ ရင်ကမို့မို့၊ ဝါးမျှစ်စို့ကြီးလိုပဲ"

"လှပါတယ်၊ ကျွန်တော်လည်း သတိထားမိပါတယ်။ သူ့လိုလှတာ အချိုးအစားကျတာ အတော်ရှားပါတယ်။ ဒါပေမဲ့ ရွှေမြို့တော်ပေါ်မှာ ဒီလိုလှတာ သူတစ်ယောက်တည်း မဟုတ်ဘဲ ဒီ့ပြင်လည်း ရှိသေးကြောင်း ပြောတာပါ။ လှတာ မလှတာထက် အရှင်ရှိသလား၊ မရှိသေးဘူးလား ဆိုတာက ပိုပြီးအရေးကြီးတယ်ဗျ"ဟု ရွှေဝင်းက ပြုံး၍ပြောလိုက်ရာ…

"အရှင်တော့ ရှိသေးပုံ မပေါ်ဘူးဗျ၊ ဘာဖြစ်လို့လဲဆိုရင် အရှင်ရှိရင် ခုလို ညနေစောင်းမှာ အလုပ်အားနေတာပဲ၊ ပါလာမှာပေါ့၊ ဟိုလူကြီးကတော့ အဖေနဲ့ တူတယ်"ဟု စိုးမင်းက ပြောလိုက်လေ၏။

"ဟား… ဟား… ဟား…. ဟား…၊ သွားစရာ လာစရာကိစ္စ အရေးကြီးလို့ဖြစ်ဖြစ်၊ နေမကောင်းလို့ဖြစ်ဖြစ် မလိုက်လာနိုင်တာလည်း ဖြစ်နိုင်တာပေါ့ဗျ၊ အထင်ခံ အရှင်မရှိသေးဘူးထား၊ ဒီလောက်လှနေတဲ့ သူမျိုး ဒီအရွယ်ရောက်ရင် နားဖောက်ပြီးသား၊ ကြောင်းလမ်းပြီးသား

mgyoe.com

mgyoe.com


ဒါမှမဟုတ်လည်း ရည်မှန်းချက်ရှိပြီးသား ဖြစ်မှာပဲ''

စိုးမင်းက မျက်မှောင်ကုတ်၍ ခေတ္တတွေနေပြီးမှ...

''ဟုတ်တယ်၊ ခင်ဗျားပြောတာ ဒီအချက်ကတော့ မုချဖြစ်နိုင်တာပဲ။ ဒါပေမဲ့ဗျာ မြင်တုန်းခဏ လှလို့သာ ကြည့်ချင် သိချင် ရှိတာပဲ။ ကျွန်တော်တို့နဲ့ ဘာဆိုင်တာမှတ်လို့။ ဘယ်မှာနေလို့ ဘာမှန်းလည်းမသိ၊ ဘယ်လိုအစား ဘယ်လိုဟာမျိုးလဲ မသိ၊ လေညာက နေသာပ ဆိုသလို အနေသာချည်းပဲ''

ထိုသို့ဖြင့် စကားတပြောပြောနှင့် အိမ်သို့ ရောက်လာခဲ့ကြလေ၏။

*

mgyoe.com

mgyoe.com

# (၅)

"မောင်စိုးမင်း၊ ဗျူဟာစက္ကိုပို့ကိုတော့ နှုတ်လွှတ်အာဂုံ ရခဲ့ပြီပေါ့"

"ရခဲ့ကြောင်းပါ"

"သေနင်္ဂဗျူဟာ စစ်ပညာအခြေခံအတွက် ဒီပို့ဟာ အင်မတန် ကျေးဇူးများတယ်၊ ဒါက စာတွေ့ကိုးကွဲ၊ လက်တွေ့ကတော့ နက်ဖြန်ခါ ကစပြီး စစ်တလင်းထဲ ဆင်းလေ့ကျင့်ရမယ်။ မင်းလို စစ်ပညာသင်နေတဲ့ လူတွေ သုံးရာကျော်လောက် ရှိတယ်၊ သူတို့နဲ့အတူ လေ့ကျင့်ရမှာပ"

"အမိန့်အတိုင်း လေ့ကျင့်လိုကြောင်းပါ"

သမားတော်ကြီး ဆရာအောင်၏ အပ်နှံပေးချက်အရ စိုးမင်းမှာ ယခုအခါ ဘုန်းတော်ဖြစ်သေနတ်ဗိုလ် 'နေမျိုးမင်းခေါင်'ဘွဲ့ခံ ဗိုလ်ကျော် ၏ထံ၌ စစ်ပညာများ သင်ကြားခွင့်ရရှိခဲ့ရာ ငယ်စဉ်ကပင် အခြေခံ စစ်ပညာကို အတော်အတန် သင်ကြားခဲ့ဖူး၍ စစ်ဗဟုသုတရှိခဲ့သည့်ပြင် မှတ်ဉာဏ်ကလည်းကောင်း၍ ပါးရည်နပ်ရည်လည်းရှိသူဖြစ်သောကြောင့် ဆရာဖြစ်သူ ဗိုလ်ကျော်၏ ကျေနပ်အားရခြင်း ခံခဲ့ရလေ၏။ စိုးမင်းမှာ ပညာကို ဝါသနာပါ၍ လုံ့လဝီရိယလည်းရှိ၊ ဉာဏ်လည်း ရှိသည့်ပြင် ဆရာသမားလုပ်သူတို့၏ ဩဝါဒကိုလည်း တစ်သဝေမတိမ်း လိုက်နာသူ

mgyoe.com

mgyoe.com



ဖြစ်သောကြောင့် မကြာမီပင် သေနင်္ဂဗျူဟာ စစ်ပညာသင် လုလင်ပျိုတို့ အထဲ၌ ထူးကဲစွာ ထင်ပေါ်ကျော်စောခြင်းသို့ ရောက်ခဲ့လေ၏။ နေမျိုး မင်းခေါင် ဗိုလ်ကျော်မှာ စိုးမင်းအပေါ်၌ လုပ်ရည်ကိုင်ရည် ပညာရည်ကို လည်း သဘောကျ၊ သားဖြစ်သူ ရွှေဝင်းနှင့်လည်း သံယောဇဉ် ငြိကပ်နေ သဖြင့် အထူး အရေးပေးကာ ပညာသင်ပေးရုံမက မိဘရင်းချာပမာ သဘောထားလျက် ရှေ့တက်လမ်းအတွက်ပင် စောင့်ရှောက် မ,စသွား မည့်အကြောင်း ပြောကြားခဲ့လျက်၊ စိုးမင်းမှာ ဆရာအောင်၏ ဆေးပညာ သင်၍ ဗိုလ်ကျော်၏ထံ၌ စစ်ပညာ သင်ကြားခဲ့ရာ ဥပုသ်နေ့မှတစ်ပါး နံနက်ခင်းတိုင်း စစ်တလင်းသို့ဆင်းကာ စစ်ပညာအတွက် လေ့ကျင့်လျက် နေ့လယ်ဘက်တွင် ဗိုလ်ကျော်ထံ၌ သေနင်္ဂဗျူဟာနှင့် ပတ်သက်သော ဩဝါဒများ ခံယူပြီး ညနေဘက်နှင့် ညဘက်တွင် ဆရာအောင့်ထံ၌ ဆေးပညာသင်ယူ ဆည်းပူးရလေ၏။ ထိုသို့ဖြင့် မအားမလပ်အောင် ဖြစ်ခဲ့ရာ ထိုသည့်ကြားမှပင် ကျန်းမာရေးအတွက် အညောင်းပြေ အညာ ပြေ ညနေခင်းနှင့် နံနက်ခင်းတွင် စကြံသလားနိုင်အောင် အချိန်ယူပြီး လမ်းလျှောက်ခဲ့ရလေ၏။ စိုးမင်းမှာ မိန်းမပျိုကို တွေ့သော နေ့မှစပြီး မရပ်တည်နိုင်အောင်ဖြစ်ခဲ့ရာ မိန်းမပျိုအတွက် ပညာသင် မပျက်အောင် အထူးသတိထား၍ မိမိကိုယ်မိမိ ဖိနှိပ်ခဲ့ရလေ၏။ ပညာဘက်တွင် ထက်သန်သော ဇွဲနှင့် လွန်လွန်ကဲကဲ စွဲမြဲသော ဝါသနာကြောင့်သာ စိတ်ကို ထိန်းနိုင်ခဲ့တော့၏။ သို့ရာတွင် မိန်းမပျို၏ ရူပါရုံသည် ရင်ဝကို လာ၍ မကြာခဏ ဆောင့်လျက်ရှိရာ လမ်းလျှောက်သွားတိုင်း မိန်းမပျိုကို တွေ့ရနိုးနှင့် မျှော်ကိုးကာ သတိထားကြည့်ခဲ့ရ၏။ မိန်းမပျိုကိုကား မတွေ့ရတော့ပေ။ နောက် ၁၅ ရက်လောက်အကြာတွင် စိုးမင်းနှင့် ရွှေဝင်း ညနေခင်း လမ်းလျှောက်ရာမှ ပြန်အလာ သမားတော်ကြီး ဆရာအောင်က…

mgyoe.com

mgyoe.com



“ဟေး… မောင်စိုးမင်း၊ ညနေက မင်းဆီကို မိန်းကလေး တစ်ယောက် လာတယ်”ဟု ပြောလိုက်ရာ စိုးမင်းမှာ ရုတ်တရက် အံ့အားသင့်သလို ဖြစ်သွားပြီး

“ဘယ်ကတဲ့လဲ ဆရာ”

“ရန်အောင်မြင်ထဲကလို့ ပြောတယ်မှတ်တယ်”

“ရန်အောင်မြင်ထဲမှာလည်း ကျွန်တော်နဲ့သိတဲ့ မိန်းကလေး မရှိပါဘူး၊ မိန်းကလေးက ဘယ်အရွယ်လောက်ရှိပြီလဲ ဆရာ”

“၁၇ နှစ် ၁၈ နှစ်လောက် ရှိလိမ့်မယ် ထင်တယ်၊ ရုပ်ရည်ရူပကာ သားသားနားနားနဲ့ မွန်မွန်ရည်ရည်ပဲကွ”

ထိုအခါ အနီးရှိ ပညာသင်လုလင်ပျိုတစ်ဦးက လေသံတိုးတိုးနှင့်၊

“တော်တော်ကို ချောတယ်၊ ခွဲခွဲညားညားနဲ့ သိပ်ကိုလှတာ” ဟု ဝင်ပြောလိုက်လေ၏။

“ဘယ်လိုအကြောင်းကိစ္စနဲ့ လာတာတဲ့လဲ ဆရာ၊ ရန်အောင်မြင်ဘယ်အနားဆီကတဲ့လဲ၊ ဆရာက သေသေချာချာ မမေးလိုက်ဘူးလား။ ကျွန်တော့်အထင်ကတော့ ကျွန်တော် ဟုတ်မယ်မထင်ဘူး၊ လူမှားနေမယ်ထင်တယ်”

“လူနာတစ်ယောက်ကို စစ်မေးနေတုန်းမို့ သေသေချာချာကြီးတော့ မမေးလိုက်ရဘူး၊ မင့်ဇာတိကို သူက သိနေတယ်။ သန်လျင်ကတဲ့၊ ဒါကြောင့် လူမှားဖို့တော့မရှိဘူး။ သူ နောက်တစ်ခါ လာဦးမတဲ့၊ ကိစ္စကို ငါက မေးတယ်။ ဘာမှအထူးအထွေ မရှိပါဘူးတဲ့။ ကောင်းကောင်း ပြောချင်ပုံ မရဘူး။ ငါကလည်း မိန်းမပျိုကလေးမို့ သိပ်မမေးချင်တာနဲ့ မျက်နှာသာမပေးဘဲ ဆက်မမေးဘဲ ထားလိုက်တယ်။ အေး… ခုမှ သတိရတယ်။ ပြန်ခါနီး ပြောသွားသေးတယ်။ မင်းနဲ့ သူနဲ့ မောင်နှမတော်သတဲ့”ဟု ပြောလိုက်ရာ စိုးမင်းမှာ အကြီးအကျယ် အံ့အားသင့်

mgyoe.com

mgyoe.com


သွားလေ၏။

"ဒီရွှေမြို့တော်ပေါ်မှာ ကျွန်တော့် ဆွေမျိုးလည်း တစ်ယောက်မှ မရှိပါဘူးဆရာ..."

သမားတော်ကြီး ဆရာအောင်သည် အနီးတွင်ချထားသော ပုရပိုက်ကို ဆွဲယူကာ မျက်နှာတွင်ကပ်လိုက်သဖြင့် စိုးမင်းလည်း အလိုက်သိစွာ ရှေ့ဆက်မမေးဘဲ နေရာမှ ထလာခဲ့လေ၏။ စိုးမင်းသည် မိန်းမပျိုနှင့် တွေ့လိုက်ရသော အိမ်သားများထံ မိန်းမပျို၏အခြေအနေကို မေးကြည့်ရာ သမားတော်ကြီးပြောသကဲ့သို့ ၁၇ နှစ်၊ ၁၈ နှစ်အရွယ်လောက်ရှိ၍ ရုပ်ရည်ရူပကာ အလွန်ချောမောလှပပြီး ခံ့ခံ့ညားညားနှင့် သားသားနားနား ဖြစ်ကြောင်း အလုံးနှင့်အရပ် လိုက်လျောညီညွတ်၍ အသားအရေ ဖြူဖြူဝင်းဝင်းနှင့် လည်တိုင်ရှင်းပြီး မျက်လုံးကောင်း၊ မျက်ခုံးကောင်း၊ နှာတံပေါ်ဖြစ်ကြောင်း သိရှိရလေ၏။ စိုးမင်းသည် ထိုအကြောင်းကို ရွှေဝင်းနှင့် စဉ်းစားဆွေးနွေးရာ...

"ရှေးတုန်းက ပြောသံကြားဖူးတဲ့ ဥစ္စာစောင့်က လူယောင်ဆောင်တာမျိုးများ ဖြစ်နေမလား"ဟု ရွှေဝင်းက ပြုံး၍ ပြောလိုက်လေ၏။

"ဥစ္စာစောင့်က လူယောင်ဆောင်ရုံလောက်ဆိုရင်တော်သေးတယ်။ ဘီလူးက လူယောင်ဆောင်တာဖြစ်မှ သာဆိုးမယ်။ ခက်တယ်ဗျာ၊ ဘယ်လိုစဉ်းစားရမှန်း မသိဘူး။ ကျွန်တော့်ဆွေမျိုး ဆိုလို့လည်း ရွှေမြို့တော်မှာ ကိုးဝမ်းကွဲ ဆယ်ဝမ်းကွဲ မပြောနဲ့ ငရုတ်သီး တစ်တောင့်လောက်တောင် စပ်တာ မရှိဘူး"

"မိန်းမပျို လာတယ်ဆိုတာကတော့ အမှန်ပဲနဲ့ တူတယ်"

"အမှန်ပေါ့ဗျာ၊ ဆရာကိုယ်တိုင်ကပြောတာ၊ ဒီပြင်လူတွေ ပညာသင်တွေက ပြောတာဆိုရင်ဖြင့် နောက်ချင်လို့ ရှုပ်ချင်လို့ ပြောတာပဲလို့ ထင်ရဲ့၊ ခုတော့..."

mgyoe.com

mgyoe.com


"အခုလာတယ် ဆိုတာ ခင်ဗျားစွဲနေတဲ့ မဒီလေးများဆိုရင်ဖြင့် သိပ်တော်မှာပဲနော်"

"စဉ်းစားမရလို့ စိတ်ရှုပ်နေရတဲ့အထဲ ခင်ဗျားက နောက်နေပြန်ပါပြီ"

"အိမ်တိုင်ရာရောက် လူကိုယ်တိုင်လာပြီး တွေ့တဲ့ အလိုထောက်တော့ တော်အိ ရော်အိ ပျံတံတံ အစားမျိုးတော့ ဟုတ်ပုံမရဘူး။ မောင်နှမတော်တယ် ပြောတာကတော့ လူကြားကောင်းအောင် သူများအထင်မမှားအောင် ပြောတာနဲ့ တူပါတယ်။ ခင်ဗျားကလည်း ဆရာနဲ့ဆေးကုလိုက်တဲ့အခါ လိုက်နေရတော့ အဲဒီလို အိမ်တွေထဲက ဖြစ်လိမ့်မယ် ထင်တယ်"

"အဲဒီလို အိမ်တွေထဲကဖြစ်ရင် ဆရာသိရမှာပေါ့ဗျာ၊ အခု ဆရာကိုယ်တိုင်ကမှ မသိတာ"

"နောက်တစ်ခါ သူ လာဦးမယ်၊ ပြောသွားတယ်ဆို မဟုတ်လား၊ လာတော့ သိရရောပေါ့ဗျာ"

"အေးဗျာ…၊ တောက်တီးတောက်တဲ့ ရှိလိုက်တာ၊ ဟိုမဒီကလေးကြောင့် စိတ်အလုပ်များနေရတဲ့အထဲ တစ်ပူပေါ်နှစ်ပူဆင့် ဆိုသလိုဘယ့်နှယ် ဘုမသိ ဘမသိတာက လာပြီး စိတ်အလုပ်ပေးနေပြန်တယ်မသိဘူး"

"ကဲ… ဒါဖြင့် ဒီလိုလုပ်၊ နက်ဖြန်ခါကစပြီး ကျုပ်တို့ ရန်အောင်မြင်ထဲကို ပိုက်စိပ်တိုက်ပြီး လမ်းသလားရအောင်၊ ရန်အောင်မြင်ထဲမှာသာ နေရိုးမှန်ရင် ကျွန်တော်တို့ကို တစ်နေ့နေ့ သူမြင်ရမှာပေါ့"ဟု ရွှေဝင်းက အကြံပေးလိုက်ရာ စိုးမင်းလည်း ထိုအခါမှ အကြံရသလို ဝမ်းသာအားရဖြစ်ကာ "ဟုတ်ပြီဗျို့၊ ခင်ဗျားပေးတဲ့အကြံ သိပ်ကောင်းတယ်။ ဒါကြောင့် ခင်ဗျားကို ကျုပ်က အားကိုးတာ"ဟု အားရပါးရ

mgyoe.com

mgyoe.com


ပြောလိုက်ပြီး တစ်စုံတစ်ခုကို စဉ်းစားနေဟန်နှင့် အားတက်နေရာမှ အားယုတ်သလို ဖြစ်သွားကာ…

"နေဦး သူက ကျွန်တော်တို့ကို မြင်ပေမယ့် သူက စနူတ်ဆက်မှ သိမှာ။ ကျုပ်တို့က သူ့ကို မြင်သည့်တိုင်အောင် ဘာမှ သိတာ မဟုတ်တော့ အခက်ပဲ"ဟု ပြောလိုက်လေ၏။

"သူက နူတ်ဆက်မှာပေါ့ဗျာ၊ တွေ့ချင်လို့တောင် အိမ်တိုင်ရာရောက် တမင်လာနေတာ။ လမ်းသွားရင်း အခန့်သင့်တွေ့ရင် သူ့အတွက် သာပြီး သက်သာသွားတာပေါ့"

ထို့နောက် သူငယ်ချင်းနှစ်ယောက်တို့သည် ထိုကိစ္စကို အပြန်ပြန် အလှန်လှန် ဆွေးနွေးပြီး ရွှေဝင်း ပေးသော အကြံအတိုင်း လိုက်နာရန် ဆုံးဖြတ်ချက် ချလိုက်ကြလေ၏။ ရွှေဝင်းပြန်သွားပြီးနောက် စိုးမင်းသည် အိပ်ရာပေါ်၌ အမျိုးမျိုးအဖုံဖုံတွေးတော စဉ်းစားရင်း တစ်ညလုံးလိုလို အိပ်မပျော်ဘဲ မိုးလင်းသည့်အထိ ဖြစ်ခဲ့လေ၏။ စိုးမင်းမှာ ထိုကိစ္စအတွက် ဝမ်းနည်းရမလို ဝမ်းသာရမလို ဘာကလိုတိုတိုနှင့် ဟိုဟိုသည်သည် မခွဲခြားနိုင်ဘဲ ဖြစ်နေရာ ဧည့်သည် မိန်းမပျိုကိစ္စ ဝင်လာခြင်းကြောင့် မူလ စွဲလုံးသန်နေသော မဒီကလေးကိစ္စပင် နှလုံးသားထဲမှ ထွက်ခွာသွားခဲ့လေ၏။ မည်သို့ပင်ဖြစ်စေ နောက်တစ်ခါ လာဦးမည်ဟူသော သူ၏ စကားအရ တစ်နေ့နေ့၌ တွေ့ဆုံရန်မှာ သေချာသလောက် ဖြစ်နေရကား "ဘယ်လိုဟာမျိုးပါလိမ့်၊ ဘယ်လိုအစားမျိုးပါလိမ့်၊ ဘယ်လိုအသွင်သဏ္ဌာန်မျိုးပါလိမ့်" ဟူသော သိချင်စိတ်များ တဖွားဖွားဖြစ်ပေါ်လျက် ရှိခဲ့လေ၏။ စိုးမင်းသည် နံနက်ခင်း လမ်းလျှောက်ရာ၌လည်းကောင်း၊ ညနေခင်း စကြံသလားရာ၌ လည်းကောင်း၊ အခြားရပ်ကွက်နေရာများသို့ မသွားတော့ဘဲ ရန်အောင်မြင်ရပ်ထဲသို့ချည်း အပြန်ပြန်အလှန်လှန် မကျန်ရအောင် ပိုက်စိပ်တိုက်၍ သွားလာလှည့်ပတ်ခဲ့လေ၏။ နံနက်ဘက်

mgyoe.com

mgyoe.com


တွင်မူ များသောအားဖြင့် တစ်ယောက်တည်းဖြစ်သော်လည်း ညနေဘက်တွင်မူ တစ်ခါတစ်ရံ ရွှေဝင်းပါ၍ တစ်ခါတစ်ရံ မိမိတစ်ယောက်တည်းဖြစ်လေ၏။ ထိုသို့ဖြင့် ၁၀ ရက် ၁၅ ရက်ခန့် လမ်းသလားခဲ့သော်လည်း တစ်စုံတစ်ရာ ဘာမျှမထူးခြားခဲ့။ မည်သူ၏ နှုတ်ဆက် ခေါ်ငင်ခြင်းမျှလည်း မခံခဲ့ရပေ။ တစ်နေ့သော ညနေခင်းတွင် ရွှေဝင်းမပါဘဲ ခါတိုင်းထက် စော၍ တစ်ယောက်တည်း ထွက်လာခဲ့ရာ ယခင်နေ့များကကဲ့သို့ပင် ဘာမျှမထူးခြားသဖြင့် စိတ်ပျက်ပျက်ရှိသည်နှင့် ဆက်လက်မလျှောက်တော့ဘဲ ရန်အောင်မြင်ရပ်ထဲရှိ ရန်အောင်မြင်ဘုရားသို့ ဝင်ကာဘုရားကို ဝတ်ချကန်တော့ပြီး ဘုရားပရဝဏ်တွင်းရှိ ခရေပင်ကြီးအောက်ကွပ်ပျစ်ပေါ်၌ တင်ပါးလွှဲထိုင်လျက် အနားယူနေစဉ် မျက်စိထဲ၌ ဝင်းခနဲဖြစ်သွားလေ၏။ အကြောင်းမူကား သစ်လွင်တောက်ပြောင်သော အဝတ်အစားများနှင့် မိန်းမပျိုသုံးယောက် ဘုရားထဲသို့ ဝင်လာသည်ကို မြင်လိုက်ရသောကြောင့်တည်း။ မိန်းမပျိုသုံးယောက်မှာ အရွယ်အားဖြင့်မတိမ်းမယိမ်း။ ၁၀ နှစ်၊ ၁၉ နှစ်ရွယ်များ ဖြစ်ကြ၏။ သုံးယောက်တွင်တစ်ယောက်သော မိန်းမပျိုမှာ ပိုမိုလှပ အချိုးကျ၍ ကိုယ်နေကိုယ်ဟန်မဟာဆန်လျက် နှာတံပေါ်ပေါ်နှင့် ခံ့ခံ့ညားညား ကျက်သရေရှိလှရာဒီမျက်နှာကို ငါ သေသေချာချာ မြင်ဖူးပါတယ်။ ဘယ်မှာပါလိမ့်မလဲဟုတွေးလိုက်သည်နှင့်တစ်ပြိုင်နက် လွန်ခဲ့သော တစ်လကျော်လောက်ကဧရာဝတီမြစ်ကမ်းနံဘေး၌ တွေ့ခဲ့သော မိန်းမပျိုဖြစ်နေသည်ကို သိရလေ၏။ သို့သိရသည်နှင့်တစ်ပြိုင်နက် အားတက်ရွှင်မြူး၍ အထူးဝမ်းမြောက်ကာ ဒီတစ်ခါ သူ့အိမ်ကိုသိရအောင် မျက်ခြည်ပြတ်မခံလိုက်တော့မည်ဟုသန္နိဋ္ဌာန်ချလျက် နှစ်သက်ခြင်း ဝဲဇလုပ်၌ နစ်မြုပ်သွားခဲ့လေ၏။ မိန်းမပျို သုံးယောက်သည် ဘုရားထဲဝင်လာပြီး စိုးမင်းထိုင်နေသော ခရေပင်နှင့် ယှဉ်လျက်ရှိသော အခြားခရေပင်တစ်ပင်အောက်သို့ သွားရောက်ကြ

mgyoe.com

mgyoe.com



ကာ ခရေပွင့်များကို ကောက်ယူနေကြလေ၏။ စိုးမင်းဆီသို့ လှည့်မကြည့်ကြပေ။ မိမိတို့အချင်းချင်းသာ စကားတပြောပြောနှင့် ခရေပွင့်များကို ကောက်ပြီး ပဝါနှင့်ထုပ်နေကြလေ၏။ စိုးမင်းသည် ထိုင်နေရင်း ဣန္ဒြေမပျက် မိမိမျက်စိအောက်တွင် ရောက်နေသော အဆိုပါမိန်းမပျိုကို ခြေဆုံးခေါင်းဆုံး တစ်ကိုယ်လုံး မကျန် မသိမသာနှင့် သေချာစွာ ကြည့်ရှု၍ စက္ခုပသာဒ၏ အရသာကို ခံစားနေလေရာ မိန်းမပျိုမှာ ယခင်မြင်ရစဉ်ကထက် ပိုမိုလှပနေသည်ဟု ထင်ရလေ၏။ အကြောင်းမှုကား ယခင်တစ်ခါ တွေ့ရစဉ်က ကျနစွာ ဖြီးလိမ်းဝတ်စားခြင်း မပြုဘဲ နဂိုနေမျိုးနှင့်သာ တွေ့ရရာ ယခုအကြိမ်တွင် ကျနစွာ ဖြီးလိမ်း ပြင်ဆင်၍ သစ်လွင်တောက်ပြောင်သော အဝတ်တန်ဆာတို့ကို ဝတ်ဆင်လာသောကြောင့်တည်း။ အတန်ကြာလျှင် မိန်းမပျိုသုံးယောက်သည် ခရေပွင့်များကောက်ပြီး ဘုရားဖူးရန် ဘုရားတန်ဆောင်းထဲသို့ ဝင်သွားကြလေ၏။ မကြာမြင့်မီပင် ပန်းများတင်ကာ ဘုရားဝတ်ချ၍ ထွက်လာကြပြီး ဘုရားပရဝဏ်ထဲတွင် လှည့်ပတ်ခြင်း မပြုကြတော့ဘဲ ဝင်လာသော မုခ်တံခါးမှပင် ထွက်သွားကြလေ၏။ စိုးမင်းလည်း ၎င်းတို့ထွက်သွားပြီး ချက်ချင်းပင် ဘုရားထဲမှထွက်လာကာ ၎င်းတို့နောက် သုံးလံကွာလောက်မှ ခပ်ဖြည်းဖြည်း လိုက်လာခဲ့လေ၏။ ကံအားလျော်စွာ မိန်းမပျို သုံးယောက်သည် နောက်သို့ လှည့်မကြည့်ဘဲ မိမိတို့ခရီးကိုသာ အတွင်နှင်၍သွားကြလေရာ စိုးမင်းအတွက် မျက်နှာမပူရတော့ဘဲ အဆင်သင့်ကာ အခွင့်သာခဲ့လေ၏။ မိန်းမပျိုသုံးယောက်သည် ပထမတွင် လမ်းမကြီးအတိုင်း တည့်တည့်မတ်မတ် သွားနေရာမှ တခေါ်လောက်မရှိတရှိတွင် တောင်ဘက်သို့ ချိုး၍ မြောက်နန်းကျောင်းတိုက်ဆီသို့ ဦးတည်ကာ သွားကြလေရာ စိုးမင်းလည်း မျက်ခြည်မပြတ်အောင် နောက်ယောင်ခံကာ လိုက်ပါလာခဲ့လေ၏။ စိုးမင်းသည် ပထမတွင် သုံးလံကွာလောက်မှ လိုက်လာခဲ့

mgyoe.com

mgyoe.com


သော်လည်း အခြားသူများမြင်လျှင် မသင်္ကာစရာဖြစ်မည်ကို စိုးသဖြင့် မျက်ခြည်မပြတ်လျှင် တော်ပြီဟု သဘောပိုက်ကာ လေးလံကွာ ငါးလံလောက်မှ ခွာ၍လိုက်ပါလာခဲ့လေ၏။ မိန်းမပျိုသုံးယောက်သည် မြောက်နန်း ကျောင်းတိုက်နားသို့ အရောက်တွင် အနောက်ဘက်သို့ ချိုးသောလမ်းအတိုင်း လိုက်သွားလေရာ လေးတာလောက် သွားမိလျှင် (တာတစ်ခုသည် ခုနစ်တောင်နှင့် ညီမျှ၏) အိမ်ရှေ့တွင် မဏ္ဍပ်ကြီးထိုးကာ ဆိုင်းသံ ဗုံသံ တညံညံနှင့် လူသံမစဲ အလှူပွဲကြီး ကျင်းပနေသော အိမ်တစ်အိမ်ကို တွေ့ရလေ၏။ မိန်းမပျိုသုံးယောက်သည် ထိုအိမ်ရှေ့သို့ အရောက်တွင် မဏ္ဍပ်ထဲသို့ ဝင်သွားကြရာ စိုးမင်း မလိုက်နိုင်တော့ဘဲ ခဲလေသမျှ သဲရေကျ ဖြစ်သွားရလေ၏။ အကြောင်းမူကား မိန်းမပျို၏ အိမ်ကိုသိရန် လိုက်လာခြင်းဖြစ်ရာ အခြေအနေလက္ခဏာကို ထောက်ခြင်းအားဖြင့် ယခုအိမ်မှာ မိန်းမပျို၏အိမ် ဟုတ်ပုံမရဘဲ အလှူအိမ်ကဖိတ်၍ အလှူသို့ ခေတ္တလာရောက်ခြင်း ဖြစ်ပုံရသောကြောင့်တည်း။ စိုးမင်းသည် အနီးအနားပတ်ဝန်းကျင်၌ ဟိုဟိုသည်သည်ကြည့်ရှုကာ အကြံရခက်နေပြီးမှ အလှူအိမ်နှင့် မနီးမဝေးရှိ မန်ကျည်းပင်ကြီးအောက်တွင် အမြစ်ခြေနားရှိ သစ်တုံးကြီးတစ်ခုပေါ်၌ထိုင်ကာ မှိုင်တွေချရင်း မိန်းမပျိုသုံးယောက် မဏ္ဍပ်ထဲမှ ထွက်အလာကို စောင့်နေခဲ့လေ၏။ မိန်းမပျိုသုံးယောက်ကား တော်တော်နှင့်ထွက်မလာပေ။ မကြာမီ နေဝင်စ ပြုခဲ့လေ၏။ အမှောင်တတ် ဖုံးအုပ်၍ ညဥ့်၏မည်းနက်သော ရောင်ခြည် ထွက်ပြူလာခဲ့လေ၏။ မဏ္ဍပ်ထဲ၌ ဆီမီးများညှိထွန်းကြ၍ မီးရောင်များ တလက်လက်ဖြစ်လာလေ၏။ အတန်ကြာလျှင် မဏ္ဍပ်ထဲမှ ပရိသတ်များ အစုလိုက် အပြုံလိုက် ထွက်လာကြလေ၏။ မှောင်ကလည်း မှောင်၊ လူကလည်းများ၍ ရောပြွမ်း ယှက်တင်ကာ မခွဲခြားနိုင်တော့ရာ စိုးမင်းလည်း ဆက်လက်ကြည့်ရှုနေစေကာမူ အကျိုးမထူးတော့သဖြင့် စိတ်ပျက်စွာနှင့် ထိုနေရာမှ

mgyoe.com

mgyoe.com



ထကာ ပြန်လာခဲ့ရတော့၏။ စိုးမင်းသည် နောက်တစ်နေ့တွင် ရွှေဝင်းအား မိမိ၏ကြုံရပုံ အခင်းအတွက် ယူကျုံးမရဖြစ်ရပုံ ပြောပြလိုက်ရာ ရွှေဝင်းက တဟားဟားနှင့် ရယ်မောရင်း-

"ပထမတော့ ခင်ဗျားက အချိုရှာ သကာတွေ့ဆိုတာလို နှမရှာရာက ရည်းစား တွေ့နေတော့ သိပ်ဝမ်းသာသွားမှာပေါ့လေ"ဟု ပြောလိုက်လေ၏။

"ဘာပြောတယ်ဗျ၊ ရည်းစား ဟုတ်လား။ ခင်ဗျာ့စကားဟာ နိမိတ်ပေါ့ဗျာ၊ အစစ်အမှန်ကတော့ ကျွန်တော့်မှာ ရည်းဖို့ စားဖို့ ဝေးလို့"

"ကံပါရင် တစ်နေ့တော့ ရည်းရမှာပေါ့ဗျာ..."

"ရည်းရဖို့ မရည်းရဖို့ထက် သူ ဘယ်မှာနေတယ်ဆိုတာ သိဖို့က ပထမဆုံး အရေးကြီးနေတယ်။ ဒုတိယ အရေးကြီးတဲ့ အချက်ကတော့ ခင်ဗျားပြောသလို ပိုင်ရှင်ရှိ မရှိ သိဖို့အရေးကြီးတယ်။ ပိုင်ရှင်ရှိနေတယ် ဆိုရင် ဒုက္ခပဲ"

"မဒုက္ခပါဘူးဗျာ၊ ဒီတော့လည်း တစ်မျိုးကြံရတာပေါ့"

"ဘယ်လိုလဲဗျာ"

"ပိုင်ရှင်နဲ့ကွဲအောင်ကြံ၊ သို့မဟုတ်လည်း ပိုင်ရှင်ကိုဖြုတ်ပြီး ယူပေါ့၊ ဟား... ဟား... ဟား... ဟား..."

"ဟာ... မဟုတ်တရုတ်နဲ့ လုပ်ကရော့မယ်၊ ကာမေသုမိစ္ဆာစာရ ဗျာ့။ ငရဲဇောက်ထိုး ဆင်းသွားမယ်။ ငရဲက တက်လာလို့ လူဖြစ်လာပြန်တော့လည်း မိန်းမ မဟုတ်၊ ယောကျ်ား မဟုတ် နပုန်းပဏ္ဍုက်တွေ၊ ဥဘတောဗျည်းတွေ၊ မိန်းမလျာတွေ၊ ယောကျ်ားလျာတွေ ဖြစ်သွားမှာ။ ဘာမှတ်လို့လဲ၊ သိပ်ကြောက်ဖို့ ကောင်းတာ"

"ဒါလောက် အကုသိုလ်ကြောက်ရမှန်း သိလျက်သားနဲ့ ဒီ ဘုမသိ ဘမသိ အသာမိကလား သသာမိကလား မခွဲခြားနိုင်တဲ့ဟာကို ခင်ဗျား

mgyoe.com

mgyoe.com


လိုက်နေတာ အံ့သဗျာ''ဟု ရွှေဝင်းက ပြောလိုက်စဉ် သမားတော်ကြီး ဆရာအောင် အဆောင်ပေါ်သို့ တက်လာသည်ကို မြင်လိုက်ရသဖြင့် စကားဖြတ်ကာ အခြားအကြောင်းများကို လှီးလွှဲ ပြောဆိုလိုက်ပေ၏။ စိုးမင်းသည် နောက် ၁၂ ရက်မြောက်တွင် ယခင်အလှူ့အိမ်နားသို့ သွားရောက်၍ စောင်းပါးရိပ်ခြည် အကဲခတ်ကြည့်ရာ တစ်စုံတစ်ရာ ဘာမျှ မတွေ့ရသဖြင့် ထိုအိမ်၌ သမီးပျို မရှိဘဲ သားယောကျ်ား သုံးယောက်တည်းသာ ရှိကြောင်း စုံစမ်း သိရှိရလေ၏။

*

mgyoe.com

mgyoe.com

# (၆)

နေမင်းသည် ကောင်းကင်စက်ဝိုင်း၏ အလယ်ဗဟို တည့်တည့်မှ အနောက်ဘက်သို့ ဆင်းစပြုနေလေ၏။ တထိန်ထိန်လင်း၍ ပြင်းထန်ကြမ်းကြုတ်သော ရောင်ခြည်များ၏ အားအရှိန်ကို နူးညံ့ပျော့ပျောင်းသော အဖြစ်သို့ ရောက်ရန် စီမံစပြုလျက် ရှိလေ၏။ တစ်ပင်နှင့် တစ်ပင် အကိုင်းချင်း အခက်ချင်း အရွက်ချင်း ဆက်စပ်လျက်ရှိသော သစ်ပင်ကြီးငယ် အသွယ်သွယ်တို့၏ အရိပ်အာဝါသများသည် နေမင်း၏ပူပြင်းသော ရောင်ခြည်ကို တားဆီးကွယ်လျက်ရှိကြရာ တခမ်းတနား တဲမဏ္ဍပ်ထိုးထားဘိသကဲ့သို့ ရှိနေလေ၏။ သစ်ပင်များ၏ အခြေ၌လည်း တစ်ခုနှင့် တစ်ခု ဆက်စပ်ခင်းထားအပ်သော ထိုင်စရာ သစ်သားကွပ်ပျစ်၊ ဝါးကွပ်ပျစ်များသည် မဏ္ဍပ်သဖွယ် တင့်တယ်သော အရိပ်အာဝါသများကို တန်ဆာဆင်ထားသကဲ့သို့ ဖြစ်နေလေ၏။ ဤနေရာကား သမားတော်ကြီး ဆရာအောင်၏ အိမ်ဝင်းအတွင်းမှ မြင်ကွင်းဖြစ်ပေ၏။ သမားတော်ကြီး ဆရာအောင်သည် မန်ကျည်းပင်ကြီး၏ အမြစ်ခြေကွပ်ပျစ်ပေါ်၌ ထိုင်၍ ပညာသင် တပည့်များအား ဆေးပညာသင်တန်း ပို့ချလျက်ရှိပေ၏။ ဆရာအောင်သည် မြတ်စွာဘုရားလက်ထက်က သမားတော်ကြီး ဆရာ ဇီဝက၏ ကုထုံးကုနည်း နိဿရည်းများကို သင်ကြားပြောပြလျက်ရှိရာ

mgyoe.com

mgyoe.com


တပည့်များလည်း သရက်ပင်၊ မရန်းပင်၊ ကံ့ကော်ပင်၊ ပိန္နဲပင် စသော သစ်ပင်များအောက်ရှိ ကွပ်ပျစ်များပေါ်၌ ထိုင်၍ မှတ်သားနာယူလျက် ရှိကြလေ၏။ ပညာသင်တပည့်များမှာ ၃၀ ခန့်ရှိ၍ ဧည့်သည်အဖြစ်နှင့် လာရောက် နားထောင်ဆည်းပူးသူ ဆေးဆရာ ၁၀ ယောက်လောက်ရှိရာ အားလုံးပေါင်း ၄၀ ခန့်ဖြစ်လေ၏။ ပညာသင်တပည့် ၃၀ ထဲတွင် စိုးမင်းနှင့် ရွှေဝင်းလည်းပါ၍ မရန်းပင်အောက် ကွပ်ပျစ်ပေါ်၌ အတူထိုင်လျက် ရှိလေ၏။

"အခုပြောခဲ့တဲ့အတိုင်း ရာဇဂြိုဟ်သူဌေးရဲ့ ဝတ္ထုမှာ ဆရာဇီဝကဟာ ဦးခေါင်းရေကို ခွာပြီး ကုခဲ့တယ်။ ခွာပြီးတဲ့ ဦးခေါင်းရေကို ပြန်ချုပ်ပြီး ဆေးနှင့်လိမ်းပေးလိုက်တယ်။ ဒီလို ဦးခေါင်းရေခွာ၊ ဆေးလိမ်းပေးပြီးတဲ့နောက် လက်ယာဘက် စောင်းပြီး ခုနစ်ရက်၊ လက်ဝဲဘက် စောင်းပြီး ခုနစ်ရက်၊ ပက်လက်လှန်ပြီး ခုနစ်ရက် ပေါင်း ၂၁ ရက် ငြိမ်ငြိမ်သက်သက် မလှုပ်မယှက် အိပ်နေရတယ်။ ၂၁ ရက်လည်း စေ့ရော ရောဂါလည်း ပျောက်ပြီး ပကတိ ဖြစ်သွားတာပဲ။ ဒီအကြောင်းကို ဝိနည်းပိဋကတ်၊ မဟာဝဂ္ဂပါဠိတော်၊ စီဝရက္ခန္ဓကမှာ အထင်အရှားဟောပြထားတယ်။ ဒါကြောင့် ခွဲစိတ်ကုသတဲ့နည်းဟာ တို့မြန်မာဆေးပညာမှာလည်း ရှိတယ်ဆိုတာ မှတ်သားထားကြရမယ်။ ဘာကြောင့်လဲဆိုတော့ တို့မြန်မာဆေးပညာဟာ ဆရာဇီဝကဆီက ဆင်းသက်လာခဲ့တဲ့ ပညာဖြစ်လို့ပဲ။ အဲဒီလို ကိုယ်ခန္ဓာကို ခွဲစိတ်ကုသတဲ့ ခန္ဓာဗေဒနည်းတွေကို 'အာယုဗ္ဗေဒ'ဆေးကျမ်းမျိုးဖြစ်တဲ့ 'သုသုတ' ခေါ်တဲ့ ကမ္ဘာ့တန်ဆာဆေးကျမ်းကြီးမှာ တခမ်းတနား ဖော်ပြထားတယ်။ အခု သိုးဆောင်းဆေးပညာခေါ်တဲ့ ကုလားဖြူ အင်္ဂလိပ်တွေရဲ့ ခွဲစိတ်ကုနည်းဟာ သူတို့က ထွင်တဲ့နည်း မဟုတ်ပါဘူး။ အဲဒီကမ္ဘာ့တန်ဆာ သုသုတကျမ်းကြီးက ဆင်းသက်လာခဲ့တဲ့နည်းပဲ။ ဒီနည်းတွေဟာ မဇ္ဈိမဒေသ ခေါ်တဲ့ အိန္ဒိယ

mgyoe.com

mgyoe.com


နိုင်ငံကနေပြီး ခေါ်မတိုင်း၊ ရောမတိုင်းတွေကို ရောက်သွားတယ်။ ကုလားဖြူ အင်္ဂလိပ်တွေဟာ ရောမတိုင်းက ဒီပညာကို ဆည်းပူးလာကြတယ်လို့ စုံစမ်းသိရှိရတယ်"

ထိုသို့ သင်ကြား ပြသနေစဉ် အဝတ်အစား သစ်သစ်လွင်လွင်နှင့် မိန်းမပျိုတစ်ယောက်၊ ၁၀ နှစ်သားရွယ် သူငယ်လေးတစ်ဦးနှင့် ရောက်လာရာ ဆရာ စာပြနေတုန်းဖြစ်၍ မည်သူကမျှ ဧည့်ခံနှုတ်ဆက်ခြင်းမပြုဘဲ ကြည့်၍သာ နေကြလေ၏။ မိန်းမပျိုကလည်း ပါလာသူ သူငယ်ကလေးနှင့်အတူ ကံ့ကော်ပင်အောက်ရှိ လစ်လပ်သော ကွပ်ပျစ်တစ်ခုပေါ်၌ ထိုင်ကာ စာပြနေသည်ကို ကြည့်ရှုနားထောင်နေလေ၏။ မိန်းမပျိုကလေးမှာ ၁၈ နှစ်၊ ၁၉ နှစ်ရွယ် ထင်ရ၏။ ရုပ်ရည်ပသာဒ အတော်ပင်လှပ ခံ့ညားလှပေ၏။ စိုးမင်းနှင့် ရွှေဝင်းမှာ မိန်းမပျိုနေရာနှင့် မျက်စောင်းထိုးဖြစ်၍ ကွပ်ပျစ် သုံး-ခုသာ ခြားရာ မိန်းမပျိုကို ကောင်းစွာ မြင်နိုင်ပေ၏။ စိုးမင်းမှာ ဆရာ ပြောပြ ပို့ချနေသည်ကို အာရုံစိုက်နေသဖြင့် မိန်းမပျိုရောက်လာ၍ ထိုင်နေသည်တိုင်အောင် သတိမပြု၊ မကြည့်ရှုမိဘဲဖြစ်နေရာ ရွှေဝင်းက လက်ကုတ်ပြလိုက်မှ လှည့်၍ ကြည့်လိုက်လေ၏။ သို့ ကြည့်လိုက်၍ မြင်လိုက်သည်နှင့်တစ်ပြိုင်နက် အဖိုးအနဂ္ဃထိုက်သော ပတ္တမြားတုံးကြီးကို ကောက်တွေ့လိုက်ဘိသကဲ့သို့ ရုတ်တရက် ဝမ်းသာလုံး ဆို့ကာ ထခုန်ချင်မတတ် ဖြစ်သွားလေ၏။ အကြောင်းမူကား ထိုင်နေသော မိန်းမပျိုမှာ အခြားမဟုတ်၊ လွန်ခဲ့သော တစ်လကျော် နှစ်လခန့်က ရွှေမြို့တော်မြောက်မျက်နှာ ဧရာဝတီမြစ်ကမ်းနံဘေး၌ တွေ့ခဲ့ရသော မိန်းမပျိုဖြစ်နေသောကြောင့်တည်း။ စိုးမင်းသည် မိန်းမပျိုကို မမှိတ်မသုန် မတုန်မလှုပ်ကြည့်နေရာ ယခင် ဧရာဝတီမြစ်ကမ်းနံဘေး၌ တွေ့စဉ်ကထက်လည်းကောင်း ပိုမိုလှပနေသည်ဟု ထင်မိလေ၏။

mgyoe.com